မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၆၈)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ သောကြာနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးနှင့် သုမင်္ဂလာဈေး(ညဲတောဈေး) ၆ ထပ် အဆင့်မြင့် ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ★

## မြန်မာနှင့် ကာဇက်စတန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့်အခွင့်အလမ်းများ

ဆောင်းပါး စာ-၁၁ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၃ ရက်)

# ဂုဏ်သိက္ခာမြင့်မားပြည်သူလေးစားသည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အစိုးရကချမှတ်ထားသောဦးတည်ချက်များ၊ မူဝါဒများအောင်မြင်စေရေးအတွက် အထက်ကပေးအပ်သည့်အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်လျက်ရှိရာတွင်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အခန်းကဏ္ဍသည်လည်း အဓိကနေရာတွင်ပါဝင်သည်။ ပြည်သူလူထု၏အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်လျက်ရှိရာတွင် ရဲလုပ်ငန်းကျွမ်းကျင်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုနှင့်ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူက လေးစားအားကိုးကြရသည့် ဥပဒေဘက်တော်သားများအဖြစ်ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် “သစ္စာ သမာဓိ သတ္တိ”ဆိုသည့် လေးနက်သည့်ဆောင်ပုဒ်ကိုဦးထိပ်ထားပြီး ပြည်သူ့အကျိုးစီးပွားကိုပိုမိုဆောင်ကြဉ်းလျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ယနေ့ကာလတွင် တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးကိုလည်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးဟူသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်းစည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး စသည့်လုပ်ငန်းတာဝန်ကြီး(၆)ရပ်ကိုလည်းထမ်းဆောင်လျက်ရှိသည်။

မူးယစ်ဆေးသည်လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးစေမည့်အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အတွင်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ တရားခံ ၅၁၁၅ ဦးကို စုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၇ ဘီလီယံကျော်ရှိသည့်မူးယစ်ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့်အတူဖမ်းဆီးရမိခဲ့သည်။ ယခုကဲ့သို့ ကမ္ဘာကိုဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတော်အကြီးအကဲက ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ယခင်ကထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကိုထိန်းချုပ်ခဲ့ရာမှ ယခုထိန်းချုပ်ဓာတုပစ္စည်း လေးမျိုးထပ်တိုးပြီး ၄၃ မျိုးကိုထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၁ ရက်ကကျင်းပသည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံ ဒေသအနှံ့အပြားက ပြည်သူများအကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်ပေးနေသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေဖို့လိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုတားဆီးနှိမ်နင်းရာတွင် သတင်းလက်ဦးမှုရယူဆောင်ရွက်ရေးအတွက် အိမ်နီးချင်းငါးနိုင်ငံနှင့်အတူ နယ်စပ်ဆက်ဆံရေးရုံးများကွန်ရက်စနစ်တည်ထောင်ပြီး သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေဖလှယ်လျက်ရှိသည်။ နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အဆိုပါမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမဟုတ်သည့်အတွက် နိုင်ငံများအကြားပေါင်းစပ်ညှိနှိုင်းချိတ်ဆက်တုံ့ပြန်မှုနှင့် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဒေသအဆင့်ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် ဒေသဆိုင်ရာရဲအဖွဲ့များဖွဲ့စည်းကာ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကိုဆောင်ရွက်ပေးနေသကဲ့သို့ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို “မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်” ဆိုသည့်မျှော်မှန်းချက်များနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် ခေတ်မီလက်နက်အသုံးအဆောင်ပစ္စည်းများစသည်များကို ခေတ်ကာလနှင့်လျော်ညီအောင် နိုင်ငံတော်က တိုးမြှင့်ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း အဖွဲ့အစည်းကောင်းတစ်ခု၏အနှစ်သာရဖြစ်သည့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၈၆**
**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသောပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နသေ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများကြေညာ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၁၃ ရက်အထိ နိုင်ငံတစ်ဝန်းမြို့နယ်များရှိ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများလာရောက်ကြည့်ရှုလျက်ရှိသည်။


အောင်လံမြို့နယ်
မျိုးသိန်း(ပြန်/ဆက်)


မက်မန်းမြို့နယ်
အေဇက်ထွန်း(မက်မန်း)


အမရပူရမြို့နယ်
စိုးသီဟ(အမရ)


တိုက်ကြီးမြို့နယ်
ဝတ်ရည်(ပြန်/ဆက်)


ပုတာအိုမြို့နယ်
ဖုန်ကန်(ပုတာအို)


ချောက်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မော်လမြိုင်မြို့နယ်
ခင်စန်းမြင့်(ပြန်/ဆက်)


ဘီးလင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျွန်းစုမြို့နယ်
ထက်မြင့်(ကျွန်းစု)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မြန်မာပြည်၌ ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ နဝဒေး၊ ဦးပြဲဘာသ၊ ဦးပုည အစရှိသော ပုဂ္ဂိုလ်များ၊ အင်္ဂလန်ပြည်၌ ရှိတ်စပီးယား၊ မီလ်တန်၊ ဒစ်ကင်းစ် စသော ပုဂ္ဂိုလ်များ၊ ရုရှားပြည်၌ တော်လ်စတွိုင်း၊ ချီးကော့ဗ် စသော ပုဂ္ဂိုလ်များ၊ ပြင်သစ်ပြည်၌ ဗော်လ်တဲယား၊ ဒူးမာ့စ် စသော ပုဂ္ဂိုလ်များ၏လက်ရာများနှင့် ၎င်းတို့၏အမည်များသည် ယနေ့တိုင် တည်လျက်ရှိကြ၍ နောင်တွင်လည်း ကမ္ဘာချင့်အောင် တည်နေကြလိမ့်မည်ဆိုကြပါစို့။ ထိုသူတို့သည် ယခုအချိန်၌ မည်သည့်ဘဝသို့ ရောက်ရှိနေကြပါသနည်း။ ၎င်းတို့သည် လူ့ဘဝသို့ ရောက်လျက်ရှိကြသည်ဆိုလျှင် မိမိတို့၏လက်ရာများ ကျန်ရစ်နေခြင်းအတွက် ပီတိသောမနဿဖြစ်နိုင်ခွင့်ရှိကြပါ၏လော။ ဖြစ်လေရာဘဝတွင် မိမိတို့၏ ကျန်ရစ်သော လက်ရာများအတွက် မည်သည့်နည်းနှင့် ဂုဏ်ယူနိုင်ခွင့်ရှိကြပါသနည်း။ မိမိတို့၏လက်ရာများ တည်နေရစ်ခြင်းအတွက် မိမိတို့၏ အဆက်အနွယ်များ ဂုဏ်ယူရစ်နိုင်ကြလိမ့်မည်ဟု ကြိုတင်ပြီး စိတ်ကူးယဉ်နှင့်ကြသည်ဆိုပါလျှင်လည်း အနောက်တိုင်းသားများအတွက်မှာ ဟုတ်ကောင်းဟုတ်ပေလိမ့်မည်။ ကျွန်ုပ်တို့မြန်မာလူမျိုးအတွက်မှာ အဓိပ္ပာယ်မရှိလှချေ။

**အဆက်အနွယ်များ ဂုဏ်ယူခြင်း**

ရှင်းဦးအံ့။ အင်္ဂလန်ပြည်တွင် ရှိတ်စပီးယား၏ အဆက်အနွယ်များ၊ ပြင်သစ်ပြည်တွင် ဗော်လ်တဲယား၏ အဆက်အနွယ်များ ကျန်ရှိနေသေးပါက ငါတို့၏ ဘေး၊ ငါတို့၏ ဘီ၊ ငါတို့၏ဘင်သည် ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယားဖြစ်သည်။ ငါတို့၏ ဘီ သို့မဟုတ် ဘင်သည် ဗော်လ်တဲယားဖြစ်သည် စသည်ဖြင့် ဂုဏ်ယူကြွားဝါနိုင်ခွင့်ရှိကြပေလိမ့်မည်။ ကျွန်ုပ်တို့မြန်မာလူမျိုးအဖို့မှာကား မိမိတို့၏အဆက်အနွယ်ကို သုံးဆင့်မျှလောက်ထက်ပို၍ အမှတ်အသားပြုနိုင်သူရှားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရှိတ်စပီးယားက ရှိတ်စပီးယားကလေးမွေးသော်လည်း မြန်မာပြည်ထုံးစံမှာ ဦးဖေသိန်းက ဖေသိန်းကလေးမွေးသည်မဟုတ်၊ ရွှေဥဒေါင်းကြီးက ရွှေဥဒေါင်းကလေးမွေးသည်မဟုတ်ဘဲ သုံးလေးဆက်ဆိုလျှင် ဘိုးဘေးတို့၏အမည်များ ပျောက်ကွယ်သွားတတ်သောကြောင့် ဖြစ်လေသည်။ ဥပမာဆိုသော် ကျွန်ုပ်ဖခင်၏ နှမဝမ်းကွဲတစ်ယောက်က လက်ဝဲသုန္ဒရအမတ်ကြီးသည် ကျွန်ုပ်တို့၏အဆက်အနွယ်ဖြစ်သည်ဟု ပြောဖူးရာ ကျွန်ုပ်က ဖခင်အားမေးကြည့်သောအခါ ဖခင်က လက်ဝဲသုန္ဒရနှင့် ဆက်သည်မဟုတ်၊ ဘိုးတော်ဘုရားလက်ထက် သုံးပါးမင်းကြီးဆိုသူနှင့်သာ အဆက်ရှိသည်ဟုပြော၏။ ကျွန်ုပ်သည် သူတို့မောင်နှမနှစ်ယောက်ကို တွေ့ဆိုင်ပေးသောအခါ တစ်ယောက်တစ်မျိုးပြောကြ၍ ငြင်းခုံကြ၏။ မည်သူ၏စကားကိုအတည်ပြုရမည် မပြောတတ်နိုင်အောင်ရှိတော့သည်။ သို့ဖြစ်၍ မကြာသေးမီက လက်ဝဲသုန္ဒရ၏ မွေးဖွားရာဇာတိအကြောင်းနှင့်ပတ်သက်၍ မဂ္ဂဇင်းနှင့် သတင်းစာများတွင် အငြင်းအခုံဖြစ်ကြသည့်အခါ ကျွန်ုပ်သည် ခိုင်လုံသောသက်သေသာဓက တင်ပြနိုင်ခြင်းမရှိသည့်အတွက်ကြောင့် လက်ဝဲသုန္ဒရသည် ကျွန်ုပ်၏အဆက်အနွယ်ဖြစ်ပါသည်ဟု ထုတ်ဖော်ရေးသားခြင်းမပြုဘဲ ဆိတ်ဆိတ်နေခဲ့ခြင်းဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့မြန်မာပြည်တွင်

**"ကျွန်ုပ်၏ လောကုတ္တရာရေးဆိုင်ရာစာပေများမှာ ပျော်ပျော်နေချင်တတ်သည့် စာရေးဆရာတစ်ယောက်၏ လက်ရာမျှသာဖြစ်သည်ဟု ဤခေတ်လူများက (အထူးသဖြင့် လူကြီးပိုင်းက) နှာခေါင်းရှုံ့ချင်ကြမည်ဖြစ်သော်လည်း နောင်ခေတ်များ၌မူ မည်သည့်ပုဂ္ဂိုလ်မျိုးက ရေးသည်ဖြစ်စေ သဘာဝတည်းဟူသော စံချိန်ထိုးကြည့်၍ ကိုက်ညီသည်ဆိုလျှင် လက်ခံဖို့အသင့်ရှိ၍ လွတ်လပ်စွာစဉ်းစားရဲသော လူငယ်လူလတ်များပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်သည့်အတွက်ကြောင့် ကျွန်ုပ်၏လက်ရာများမှာ ယခုထက် ရေပန်းစားလိမ့်မည်ဟု မျှော်လင့်မိပါသည် . . ."**

ဖခင်၏အမည်ကိုဆက်ခံရသော ထုံးစံရှိခဲ့ပါမူ ကျွန်ုပ်သည် 'ဦးမြတ်စံ' တစ်ယောက်ဖြစ်၍ မဲဇာတောင်ခြေရတုအတွက် ဂုဏ်ယူမည်ဆိုက ယူနိုင်ခွင့်ရှိပေလိမ့်မည်။ ဆိုလိုခြင်းမှာ မိမိ၏လက်ရာများ တည်နေရစ်သည့်အတွက်ကြောင့် မိမိက ကြိုတင်ဂုဏ်ယူခြင်းဟူသည်မှာ အထူးသဖြင့် ကျွန်ုပ်တို့မြန်မာပြည်သားတစ်ယောက်အဖို့ရာ၌ အဓိပ္ပာယ်မရှိလှပေ။

**ကျွန်ုပ်၏ ယုံကြည်ချက်**

ကျွန်ုပ်၏လက်ရာအချို့ တည်နေရစ်ပါမူ မိမိအတွက် စိတ်ကူးယဉ်သဘောမျိုးနှင့် ကြိုတင်ဂုဏ်ယူခြင်းမရှိသော်လည်း နောင်လာနောက်သားများ၏အကျိုးအတွက် ဝမ်းသာမိခြင်းကိုမူကား ဝန်ခံခဲ့ပြီးပါပြီ။ ကျွန်ုပ်၏ လောကုတ္တရာရေးဆိုင်ရာစာပေများမှာ ပျော်ပျော်နေချင်တတ်သည့် စာရေးဆရာတစ်ယောက်၏ လက်ရာမျှသာဖြစ်သည်ဟု ဤခေတ်လူများက (အထူးသဖြင့် လူကြီးပိုင်းက) နှာခေါင်းရှုံ့ချင်ကြမည်ဖြစ်သော်လည်း နောင်ခေတ်များ၌မူ မည်သည့်ပုဂ္ဂိုလ်မျိုးက ရေးသည်ဖြစ်စေ သဘာဝတည်းဟူသော စံချိန်ထိုးကြည့်၍ ကိုက်ညီသည်ဆိုလျှင် လက်ခံဖို့အသင့်ရှိ၍ လွတ်လပ်စွာစဉ်းစားရဲသော လူငယ်လူလတ်များပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်သည့်အတွက်ကြောင့် ကျွန်ုပ်၏လက်ရာများမှာ ယခုထက် ရေပန်းစားလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ကျွန်ုပ်၏ လောကုတ္တရာရေးရာလက်ရာများသည် သမာဓိနှင့် သတိကိုလည်းကောင်း၊ သမထအလုပ်နှင့် ဝိပဿနာအလုပ်ကိုလည်းကောင်း ပိုင်းပိုင်းခြားခြားနားလည်၍ သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်းတင်ပြတတ်သောပုဂ္ဂိုလ်မျိုး အလွန်ရှားပါး၍ ထွေးလုံးရစ်ပတ်ဖြစ်နေကြရရှာသည့် ယောဂီများသာပေါများလှသည့် ဤခေတ် မြန်မာပြည်တွင် (ကျွန်ုပ်ကိုယ်တိုင်က ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတစ်ပါးမဟုတ်သည့်အတွက်ကြောင့်) ဟိုးလေးတကျော်ဖြစ်အောင် ခေတ်စားသည်ဟု မဆိုနိုင်စေကာမူ ဤခေတ်မျိုး၌ ဤမျှလောက်လက်ခံကြခြင်းသည်ပင်လျှင် ပုဂ္ဂိုလ်စွဲကင်းရှင်း၍ လွတ်လပ်စွာစဉ်းစားဆင်ခြင်ဝံ့သော နောင်ခေတ်များသို့ ရောက်သောအခါ၌ မဂ်တရား၊ ဖိုလ်တရားကို လိုလားသူများရှိနေကြသေးသမျှ ကာလပတ်လုံး နည်းနိဿယတစ်ခုအနေဖြင့် တည်နေရစ်လိမ့်မည်ဟု မျှော်လင့်ရုံသာမက ယုံကြည်လျက်ရှိပါသည်။ စာရေးဆရာတစ်ယောက်ဖြစ်ရခြင်းအတွက် အထင်ကြီးခံရသယောင်ယောင်နှင့် အထင်သေးခံရဖူးပုံအဖြစ်အပျက်တစ်ခုကို ဤနေရာ၌ ဖော်ပြလိုပါသေးသည်။

**ချီးမွမ်း၍ ဝမ်းသာမိခြင်း**

၁၉၆၂ ခုနှစ် ဇန်နဝါရီလအတွင်း ကျွန်ုပ်သည် ရန်ကုန်မြို့၌ရှိနေစဉ် ယောဂီ ဦးတင်၏ခြံသို့ မိတ်ဆွေတစ်ယောက်နှင့်ရောက်သွား၏။ ယင်းခြံထဲ၌ ဓမ္မာရုံကြီးတစ်ခုရှိ၍ အထက်တန်းအရာရှိ ပင်စင်စားများသည် တနင်္ဂနွေနှစ်ပတ်လျှင် တစ်ကြိမ်ကျတွေ့ဆုံကြ၍ တရားဟောချင်သူက တစ်နာရီမျှဟောခွင့်ရပြီး ကျန်သောအချိန်တွင် တရားဓမ္မဆွေးနွေးကြသော ထုံးစံရှိ၏။ ဆွေးနွေးပွဲအပြီး၌ လာရောက်သမျှသော ပရိသတ် ၂၀ ကျော်ခန့်တို့အား ယောဂီ ဦးတင်က အလွန်ကောင်းမွန်စွာ ချက်ပြုတ်စီမံထားသည့် ထမင်းဟင်းများကို အလွန်သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားသည့် စားပွဲရှည်ကြီးပေါ်တွင် ကျွေးမွေးပေသည်။ (ချက်ပြုတ်ပုံ၊ ဟင်းခွက်များစုံလင်ပုံနှင့် ပြင်ဆင်ထားပုံတို့ကို မြင်ရခြင်းအားဖြင့် အလှူရှင်ယောဂီ ဦးတင်၏ စေတနာထက်သန်ခြင်းကို ကျွန်ုပ် အကဲခတ်နိုင်ပါသည်။) လာရောက်ကြသည့် ပရိသတ်များအနက် တချို့မှာ ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တံစာအုပ်ကို ဖတ်ဖူးထားကြသည်ဖြစ်၍ တရားဟောဖို့တိုက်တွန်းကြ၏။ ကျွန်ုပ်ကမူ တရား တောက်လျှောက်မဟောတတ်ဘဲ ဒိဋ္ဌေဒိဋ္ဌမတ္တံစာအုပ်၌ပါရှိသော အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်းပြုလုပ်ကြပါလျှင် ဖြေဆိုပါမည်။ ထိုစာအုပ်မှအပ တခြားသောအကြောင်းအရာများကို မေးမြန်းကြပါမူကား ကျွန်ုပ် ဖြေဆိုလောက်အောင် မတတ်ကျွမ်းပါဟူ၍ အတိအလင်းဖော်ထုတ်ဝန်ခံရပါသည်။ လာရောက်ကြသောဧည့်သည်များအနက် အထက်တန်းအရာရှိကြီးတစ်ယောက်ကမူ ကျွန်ုပ်အနီးသို့ချဉ်းကပ်၍ ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တံစာအုပ်၌ အရေးအသားရှင်းလင်းပြတ်သားပုံကို လှိုက်လှဲဝမ်းမြောက်စွာချီးကျူးပါပေသည်။ ကျွန်ုပ်မှာ ကျွန်ုပ်ရေးခဲ့ဖူးသည့် စာအုပ်များနှင့်ပတ်သက်၍ ရံဖန်ရံခါ ချီးကျူးစကားပြောခြင်းများကို ကြုံရဖူးပါ၏။ စုံထောက်ဝတ္ထုများ၊ စွန့်စားခန်းများ၊ အလွမ်းအဆွေးများပါသည့်ဝတ္ထုများနှင့်ပတ်သက်၍ ချီးမွမ်းခြင်းများကို ကြားရသည့်အခါ ယင်းစာအုပ်များမှာ များသောအားဖြင့် 'မှီး' သော ဝတ္ထုများဖြစ်၍ မှီးပုံမှီးနည်းကောင်းလျှင် ကောင်းမည်၊ ကိုယ်ပိုင်စိတ်ကူးမဟုတ်ခြင်းကို ကိုယ့်ဘာသာကိုယ်သိသည်ဖြစ်သောကြောင့် ချီးမွမ်းစကားပြောခြင်းအတွက် ဝမ်းမြောက်လှအောင်မရှိသဖြင့် ပြောသည့်သူများကို မှီးသောဝတ္ထုများဖြစ်ပါသည်ဆိုကာ မူလဝတ္ထုအမည်နှင့်တကွ ဖွင့်ဟ၍ ပြောလေ့ရှိသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ညောင်ရွှေမြို့နယ်၌ အသက်ငါးနှစ်အောက်ကလေးငယ်များ အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကျင်းပ

ညောင်ရွှေ အောက်တိုဘာ ၂

အသက်ငါးနှစ်အောက်ကလေးငယ်များ အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၁ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်စစ်ထွန်းက အသက်ငါးနှစ်အောက်ကလေးငယ်များ အာဟာရအခြေအနေဆန်းစစ်ခြင်းနှင့် စောင့်ရှောက်မှုပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ခင်းကျင်းပြသထားသည့် အာဟာရစောင့်ရှောက်မှုလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုကြသည်။

အဆိုပါလုပ်ငန်းစဉ်တွင် အသက်ငါးနှစ်အောက်ကလေးများအား ကြီးထွားဖွံ့ဖြိုးမှုတိုင်းတာခြင်း၊ အသက်ခြောက်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များ၏ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် သံဓာတ်အပါအဝင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သော အဏုအာဟာရမှုန့်ထုပ်များ ပေးဝေခြင်းနှင့် သုံးစွဲနည်း အသိပညာပေးခြင်း၊ ကိုယ်ခံအားကောင်းပြီး ရောဂါပိုးမွှားများဝင်ရောက်ခြင်းကို ကာကွယ်ရန်နှင့် မျက်စိအမြင်ကောင်းမွန်စေရန် အင်အားပြည့် ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါကာကွယ်ရန် သန်ချဆေးတိုက်ကျွေးခြင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာ စနစ်တကျကျွေးမွေးခြင်းအကြောင်းကို အသိပညာပေးဟောပြောခြင်းလုပ်ငန်းစဉ်များပါဝင်ပြီး အောက်တိုဘာလ ၆ ရက်မှစတင်၍ အောက်တိုဘာလ ၂၀ ရက်အထိ ညောင်ရွှေမြို့နယ်အတွင်းရှိ ကလေးဦးရေ ၅၃၈၁ ဦးအား စုရပ်နေရာ ၈၁ ခုသတ်မှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် နေရာများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

(၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် MICC-I သို့ သွားရောက်ပြီး အခမ်းအနားကျင်းပနိုင်ရေး



အတွက် ပြင်ဆင်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ လက်ဆောင်ပစ္စည်းပြခန်းတွင် ခင်းကျင်းပြသထားသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက လက်ဆောင်ပေးအပ်သည့် ကြွေပန်းအိုး၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လက်ဆောင်ပေးအပ်သည့် အိန္ဒိယရိုးရာ ကြေးရုပ်တု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိစဉ် ရုရှားသမ္မတက လက်ဆောင်ပေးအပ်သည့် ကြေးရေနွေးကရားအိုးနှင့် ကာဇက်စတန်နိုင်ငံသို့ရောက်ရှိစဉ် ကာဇက်စတန်သမ္မတက လက်ဆောင်ပေးအပ်သည့် သံဖြူစိမ် အရှေ့တိုင်းဓားတို့အား ခင်းကျင်းပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျခင်းကျင်းပြသရေးနှင့် စနစ်တကျထိန်းသိမ်းထားရှိရေးတို့ကို မှာကြားသည်။

ထို့နောက် အတီးပြိုင်ပွဲ (ဆိုင်းတစ်ဦးချင်း၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်နှင့် မယ်ဒလင်ပြိုင်ပွဲ)များကျင်းပမည့် ပုဗ္ဗသီရိတပ်နယ်ခန်းမသို့လည်းကောင်း၊ အကပြိုင်ပွဲ၊ အဆိုပြိုင်ပွဲ (အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ)နှင့် အတီးပြိုင်ပွဲ(အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲ)များ ကျင်းပရန်လျာထားသည့် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမသို့လည်းကောင်း၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲ (စန္ဒရား၊ ဒုံမင်း) ကျင်းပမည့် ရုံးအမှတ်(၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမနှင့် အတီးပြိုင်ပွဲ (တယော၊ နှဲ၊ ပလွေ) ကျင်းပမည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးဇာတ်ရုံသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြိုင်ပွဲကျင်းပမည့်နေရာများ သန့်ရှင်းသာယာလှပစေရေး၊ ပြိုင်ပွဲများတွင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ စိတ်ချမ်းမြေ့စွာယှဉ်ပြိုင်နိုင်ရေးနှင့် ကြည့်ရှုအားပေးသူများ အဆင်ပြေချောမွေ့စွာကြည့်ရှုနိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၃/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၃/၂၀၂၅)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေက ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့၌ တိုးတက်ကောင်းမွန်စေရေးအတွက် အခြေခံကျသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် ဗဟိုကော်မတီအနေဖြင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်းပေါင်းစပ်ညှိနှိုင်းကာ အစီအမံများရေးဆွဲခြင်း၊ လိုအပ်ချက်များကိုပြုပြင်ခြင်း၊ အောင်မြင်အောင်အကောင်အထည်ဖော်ခြင်းတို့ဖြင့်ကောင်းမွန်သည်ထက်ပိုမိုကောင်းမွန်အောင် ကိုယ်စွမ်းဉာဏ်စွမ်းထုတ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း။



ကုန်သွယ်ရေးလိုငွေပြမှုမဖြစ်ပေါ်စေရေးအတွက် ပို့ကုန်များပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များပူးပေါင်း၍ ပြည်ပဈေးကွက်ကို ပိုမိုရရှိအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအကျိုးစီးပွားပိုမိုဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ/စားသုံးဆီ ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကော့သောင်းမြို့နယ် (၁၀) မိုင် ဥယျာဉ်ခြံ၌ ကြားသီးနှံ ဝဥ၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကော့သောင်း အောက်တိုဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် (၁၀)မိုင် ဥယျာဉ်ခြံ၌ ကြားသီးနှံ ဝဥ၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ ၁ ရက်က ဆောင်ရွက်ရာ ကော့သောင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ပိုးမွှားထိန်းချုပ်ရေးစခန်းတာဝန်ခံ၊ ဥယျာဉ်ခြံဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြို့နယ်စာရင်းစစ်ဦးစီးမှူးနှင့် အကျိုးဆောင်တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော့သောင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး (၁၀)မိုင်ဥယျာဉ်ခြံဦးစီးမှူး ဒေါ်ရီရီစိန်က ကြားသီးနှံ ဝဥ၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ နှစ်ရှည်သီးနှံများ ကြားတွင်ဖြစ်စေ၊ ဥယျာဉ်ခြံသီးနှံစိုက်ခင်း ကြားတွင်ဖြစ်စေ ကြားသီးနှံ ထည့်သွင်းစိုက်ပျိုးခြင်းသည် မြေကွက်လပ်မကျန် စိုက်ပျိုးနိုင်ပြီး တစ်ယူနစ်ဧရိယာအပေါ် အပြည့်အဝ အသုံးချဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တောင်သူများသည် အဓိကသီးနှံမထွက်ရှိမီ ကြားသီးနှံစိုက်ပျိုးခြင်းမှ အပိုဝင်ငွေများရရှိလာမည်ဖြစ်သည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပြီး မြေဆီလွှာကို မိုးရေတိုက်စားမှုမှကာကွယ်ပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင် စိုက်ပျိုးရေးဂေဟစနစ်ကိုထိန်းညှိပေးနိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (၁၀) မိုင် ဥယျာဉ်ခြံဦးစီးမှူးနှင့်တာဝန်ရှိသူများက ဥယျာဉ်ခြံအတွင်း ကြားသီးနှံ ဝဥ၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက်များ လက်တွေ့စိုက်ပျိုးကွင်းသရုပ်ပြပြီး တက်ရောက်လာကြသူများက ပူးပေါင်းပါဝင်အားဖြည့်သည်။

ယင်းနောက် (၁၀) မိုင် ဥယျာဉ်ခြံဦးစီးမှူးက ဥယျာဉ်ခြံအတွင်း ကြားသီးနှံများ စိုက်ပျိုးထားရှိမှုများအား လိုက်လံရှင်းလင်းပြသရာ တာဝန်ရှိသူများနှင့် အကျိုးဆောင်တောင်သူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

ရူပါမြင့်(ပြန်/ဆက်)

# ဒေးဒရဲမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် ဘိုးဘွားများအား အလှူငွေများပေးအပ်ခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ဒေးဒရဲ အောက်တိုဘာ ၂



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် အလှူငွေများကို အောက်တိုဘာလ ၁ ရက်က မြတ်စေတနာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အလှူငွေများပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

အဆိုပါလှူဒါန်းငွေများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှမြတ်စေတနာဘိုးဘွားရိပ်သာ ရေရှည်တည်တံ့ရေးငွေပဒေသာပင် ငွေကျပ်ငါးသိန်း စိုက်ထူလှူဒါန်းပြီး မြတ်စေတနာဘိုးဘွားရိပ်သာရှိ ဘိုးဘွားငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ် ခြောက်သိန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာချိုချိုဝင်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြတ်စေတနာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများတိုင်းတာစစ်ဆေးပေး၍ လိုအပ်သည့် သောက်ဆေးများပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

အေဇာလင်း

# ဘားအံမြို့နယ် ကော့ခလိုင်စိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး


ဘားအံ အောက်တိုဘာ ၂

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကော့ခလိုင်စိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာလ ၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလီထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို အသုံးပြု၍ ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ကော့ခလိုင်စိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား ၄၃ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၃၆၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုသက်




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ရွှေဘို | ၃၄°C |
| ကော့ကရိတ် | ၃၄°C |
| အောင်လံ | ၃၃.၈°C |
| ကော့သောင်း | ၃၃.၈°C |
| မြဝတီ | ၃၃.၈°C |
| ညောင်ဦး | ၃၃.၇°C |
| စစ်ကိုင်း | ၃၃.၇°C |
| မြင်းမူ | ၃၃.၇°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| စစ်တွေ | (၃.၇၉)လက်မ |
| ကလေးဝ | (၂.၉၉)လက်မ |
| မိုးညှင်း | (၁.၈၁)လက်မ |
| ညောင်ဦး | (၁.၆၁)လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | (၁.၅၄)လက်မ |
| ရန်ကုန်(ဗိုလ်တထောင်) | (၁.၅၄)လက်မ |
| ပဲခူး | (၁.၄၆)လက်မ |
| လှည်းကူး | (၁.၄၂)လက်မ |
| ဟုမ္မလင်း | (၁.၂၂)လက်မ |
| ရွှာင် | (၁.၂၂)လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | (၁.၁၈)လက်မ |
| ညောင်တုန်း | (၁.၁၅)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်လေးပင် | ၃၄.၅°C |
| ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၄.၅°C |
| ဘားအံ | ၃၄.၃°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၂၈ |
| ရှမ်း(မြောက်) | ၂၀ | ၂၆ |
| ရှမ်း(အရှေ့) | ၂၁ | ၂၇ |
| ရှမ်း(တောင်) | ၁၈ | ၂၆ |
| ချင်း | ၁၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၁ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၂ |
| နေပြည်တော် | ၂၄ | ၃၁ |
| မန္တလေး | ၂၄ | ၃၃ |
| မကွေး | ၂၀ | ၃၁ |
| ရခိုင် | ၂၀ | ၃၁ |
| ပဲခူး | ၂၂ | ၃၀ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၄ | ၃၃ |
| ကယား | ၂၀ | ၂၇ |
| ကရင် | ၂၄ | ၃၄ |
| မွန် | ၂၄ | ၃၃ |
| တနင်္သာရီ | ၂၂ | ၃၂ |

# အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၌ ကျင်းပမည့် သီတင်းကျွတ်ပွဲတော်တွင် ဒေသထွက်ပစ္စည်းများဝယ်ယူနိုင်ရန် Night Bazaar ထည့်သွင်းမည်

ပြင်ဦးလွင် အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၌ မီးရောင်စုံဖြင့် အလှဆင်၍ သီတင်းကျွတ်ပွဲတော်ကို ကျင်းပမည်ဖြစ်ရာ ဒေသထွက်ပစ္စည်းများဝယ်ယူနိုင်ရန် Night Bazaar ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကျင်းပရာတွင် အောက်တိုဘာလ ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နေ့စဉ် မွန်းလွဲ ၂ နာရီမှ ည ၉ နာရီအထိ နိုင်ငံကျော်တေးသံရှင်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သီတင်းကျွတ်ပွဲတော်မှာ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)ရဲ့ ပွဲတော်ကာလ အောက်တိုဘာလ ၃ ရက်ကနေ ၇ ရက်အထိ ဥယျာဉ်ကို ည ၉ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ပေးမှာပါ။ Night Bazaar မှာ ပြင်ဦးလွင်ဒေသထွက်ကုန်တွေ ဝယ်ယူနိုင်မှာပါ။ ဒါ့ပြင် ညပိုင်းမှာ တေးသံသာနဲ့ဖျော်ဖြေမှုတွေအပြင် DJ တွေရဲ့ မြူးကြွတဲ့တီးလုံးတွေကိုလည်း အပြည့်အဝခံစားနိုင်ပါတယ်။ အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) ရဲ့ အလှတရားတွေကို မိသားစုနဲ့အတူတူ၊ သူငယ်ချင်းတွေနဲ့အတူတူ လာရောက်ခံစားနိုင်ပါတယ်။ နေ့ခင်းဘက်မှာ မြင်နေကျမြင်ကွင်းတွေနဲ့မတူဘဲ ညရဲ့ တစ်မူထူးခြားတဲ့အလှကို အပြည့်အဝခံစားရမှာပါ" ဟု အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါပွဲတော်တွင် နိုင်ငံကျော်အဆိုတော်များအနေဖြင့် ဟဲလေး၊ ထွန်းထွန်း၊ ဟန်ထွန်း၊ ပူစူး၊ ဖြိုးမြတ်အောင်၊ ချစ်ဖွဲ့သာ၊ ပိုင်ပိုင်၊ ခွန်းဝတီပြည့်၊ သော်တာချမ်းမြေ့နှင့် ပြင်ဦးလွင်မြို့မှ တေးသံရှင်များအပြင် DJ ပညာရှင်များလည်း ပါဝင်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ ဝါဝါ

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့် ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာ နှိပ်၍ ဆန္ဒပြုရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့် မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

# ASEAN-COCI နှစ် (၆၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၂

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(ASEAN-COCI) တည်ထောင်ခြင်း နှစ် (၆၀) ပြည့်အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက် နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# ရေကြီးရေလျှံဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း မုန်တိုင်းများဖြစ်ပေါ်ပြီး မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မိုးသီးနှံများရေနစ်မြုပ်မှုမရှိစေရေးဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိက ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်ပွားစေရေးနှင့်ရေစီးရေလာကောင်းမွန်စေရေး၊တံတားများ၊ ရေထုတ်ပေါက်များတွင် ပိတ်ဆို့နေသောအမှိုက်များ ရှင်းလင်းထားရှိမှု၊ ဆင်သေလက်ယာမြောင်းမကြီး ဝဲ၊ ယာရှိ Box Culvert များမှထုတ်နုတ်ရေများကို ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့်ရှင်းလင်း၍ ရေကြီးရေလျှံမှုလျှော့ချကာ ဆင်သေလက်ယာမြောင်းမကြီးအတွင်းသို့ ယာယီဖောက်ထုတ်ထားရှိမှုအခြေအနေများနှင့် တောင်သူများသီးနှံစိုက်ပျိုးနိုင်ရေး ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပါက သီးနှံများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များမှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၁၃)

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

ကော့ကရိတ် အောက်တိုဘာ ၂

ကရင်ပြည်နယ်ကော့ကရိတ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပပြီး အများပြည်သူများ၏ လူနေမှုဘဝနှင့် သွားလာမှုအဆင်ပြေစေရေးအတွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၂ ဒသမ ၁၈ သန်းဖြင့် ကော့ကရိတ်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်း လမ်းသားတိုးချဲ့ခြင်းနှင့် စက်ကြီးလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို စက်တင်ဘာလမှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ အောက်တိုဘာလ ၁ ရက်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရာတွင် အမှတ်(၃)ရပ်ကွက်အတွင်းရှိ အရှည်ပေ ၁၀၀၀၊ အကျယ် ၃ ဒသမ ၆ ပေ၊ ထု ၆ လက်မရှိ ဗိုလ်ချုပ်လမ်း လမ်းသားတိုးချဲ့ခြင်း၊ အရှည်ပေ ၇၄၀၊ အကျယ် ၁၃ ပေ၊ ထု ၆ လက်မရှိ စက်ကြီးလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကော့ကရိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတာဝန်ခံအင်ဂျင်နီယာက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ထို့ပြင် ဘုရင့်နောင်လမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မ၊ ကျောင်းလမ်းအရှည်ပေ ၁၂၀၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၆)

# စစ်ကိုင်းမြို့နယ်၌ ဆီထွက်သီးနှံများ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်



စစ်ကိုင်း အောက်တိုဘာ ၂

စစ်ကိုင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၄၆၁၄၆ ဧကလျာထား၍ ၄၆၃၈၃ ဧက စိုက်ပျိုးနိုင်ပြီး ၂၃၇ ဧကပိုမိုစိုက်ပျိုးနိုင်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်အောင်ထံမှ သိရသည်။

စစ်ကိုင်းမြို့နယ်၌ အဓိကစိုက်ပျိုးသီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာသီးနှံတို့ကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းများဖြင့် ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရာသီချိန်တွင် မျိုးစေ့များရရှိနိုင်ရေးနှင့် သွင်းအားစု (ဓာတ်မြေဩဇာ)များကို စိုက်ပျိုးသည့်ကျေးရွာများအလိုက် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# သွေးပေါင်ချိန်မြင့်တက်စေနိုင်သော နေ့စဉ်အပြုအမူများနှင့် ဆောင်ရန်ရှောင်ရန်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏အဆိုအရ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ခန့်မှန်းခြေ အသက် ၃၀ မှ ၇၉ နှစ်ကြား အရွယ်ရောက်ပြီးသူ လူဦးရေ၏ ၃၃ ရာခိုင်နှုန်း (၁ ဒသမ ၄ ဘီလီယံ) ခန့်သည် သွေးတိုး ရောဂါကို ခံစားနေကြရသည်။ သွေးတိုးရောဂါသည် ကမ္ဘာတစ်ဝန်းတွင် အရွယ်မတိုင်မီသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ သွေးတိုး ရောဂါရှိသော အသက် ၃၀ မှ ၇၉ နှစ်ကြား အရွယ် ရောက်ပြီးသူဦးရေ၏ သုံးပုံနှစ်ပုံသည် ဝင်ငွေနည်းပြီး အလယ်အလတ်ရှိသောနိုင်ငံများ၌ နေထိုင်ကြကြောင်း သိရသည်။ သွေးတိုးရောဂါရှိသူဦးရေ၏ ၄၄ ရာခိုင်နှုန်းသည် ၎င်းတို့တွင်ရောဂါရှိကြောင်းမသိကြဘဲ ၄၄ ရာခိုင်နှုန်းသာ ရောဂါရှိကြောင်းသိပြီး ကုသမှုခံယူနိုင်ကြသည်။ ခန့်မှန်းခြေအားဖြင့် သွေးတိုးရောဂါရှိသူ၏ ၂၃ ရာခိုင်နှုန်းကိုသာ ထိန်းချုပ်နိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မကူးစက်နိုင်သော ရောဂါများအတွက် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များထဲမှတစ်ခုသည် သွေးတိုးရောဂါ မထိန်းချုပ်နိုင်မှုကို၂၀၁၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ၂၅ ရာခိုင်နှုန်း လျှော့ချရန်ဖြစ်သည်။

ကျန်းမာရေးနှင့်မညီညွတ်သော နေ့စဉ်အစားအသောက် လူနေမှုပုံစံနှင့် သတိမပြုမိသော အလေ့အကျင့်အမှားများကြောင့် နှလုံးနှင့်သွေးကြောများကို ဖြည်းဖြည်းချင်းဖိအားဖြစ်စေပြီး နှလုံးသွေးကြော ကျန်းမာရေးကို သိသိသာသာထိခိုက်စေနိုင်သည်။ ဖော်ပြပါအလေ့အကျင့်များစွာသည် အန္တရာယ်မရှိဟု ထင်ရသော်လည်း အချိန်ကြာလာသည်နှင့်အမျှ တိတ်တဆိတ်သွေးပေါင်ချိန်တိုးလာနိုင်သည်။

**အနည်းငယ်နာကျင်မှုများအတွက် အကိုက်အခဲ ပျောက်ဆေးများ အလွန်အကျွံသုံးစွဲခြင်း**

အနည်းငယ်နာကျင်မှုများကို သက်သာစေရန် Ibuprofen သို့မဟုတ် အလားတူအကိုက်အခဲပျောက် ဆေးများကို မကြာခဏအသုံးပြုခြင်းသည် သွေးဖိအားကိုတိုးစေနိုင်သည်။ အကိုက်အခဲပျောက်ဆေးများသည် ကျောက်ကပ်လုပ်ငန်းဆောင်တာအပေါ် သက်ရောက်မှုရှိပြီး ခန္ဓာကိုယ်မှ ဆိုဒီယမ်နှင့်အရည်များစွန့်ထုတ်မှုကို အကျိုးသက်ရောက်စေကာ သွေးတိုးရောဂါဖြစ်နိုင်ခြေနှင့် ဆက်စပ်နေသည်။

**နံနက်စာမစားခြင်း**

နံနက်စာသည် စွမ်းအင်အတွက်သာမက သွေးပေါင်ချိန်ထိန်းညှိရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ သုတေသနများအရ နံနက်စာပုံမှန်မစားသူများသည် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေ ပိုများကြောင်း အကြံပြုထားသည်။ မှျတသောနံနက်စာသည် သွေးတွင်းသကြားဓာတ်ကိုတည်ငြိမ်စေပြီး သွေးဖိအားတိုးစေသည့် စိတ်ဖိစီးမှုဟော်မုန်းများ ထုတ်လွှတ်ခြင်းမှ ကာကွယ်ပေးသည်။

**ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများစားခြင်း**

ဆားအလွန်အကျွံစားသုံးခြင်းသည် ခန္ဓာကိုယ်မှ




အရည်များကိုထိန်းသိမ်းစေပြီး သွေးတိုးစေသည်။ အစားအသောက်များတွင် ပိုတက်ဆီယမ်ပမာဏ နည်းပါးပါက ခန္ဓာကိုယ်တွင်း ဆားဓာတ်မျှတမှုကို ထိခိုက်စေနိုင်ပြီး နှလုံးကျန်းမာရေးကို ထိခိုက်စေသည်။ ကျန်းမာရေးနှင့်မညီညွတ်သောအဆီများနှင့် ပြုပြင်ထားသောအစားအစာများသည် သွေးတိုး ရောဂါကိုဖြစ်စေနိုင်သည်။ အရသာရှိသောဒိန်ချဉ်များ သို့မဟုတ် Oat ရောစပ်ထားသောဖျော်ရည်များကို ကျန်းမာရေးနှင့်ညီညွတ်သည်ဟု ဈေးကွက်တင်ထားသော်လည်း အများစုတွင် လျှို့ဝှက်သကြားများနှင့် ဆိုဒီယမ်များပါရှိသည်။ ထိုကဲ့သို့သောအစားအစာများကို ပုံမှန်စားခြင်းသည် သတိမထားမိဘဲ တိတ်တဆိတ်သွေးတိုးရောဂါကိုဖြစ်စေသည်။

**သရက်သီးသနပ်နှင့်အချဉ်ဖောက်ထားသော အစားအစာများကို အလွန်အကျွံစားသုံးခြင်း**

သရက်သီးသနပ်နှင့် အချဉ်ဖောက်ထားသော ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများကို အလွန်အကျွံစားသုံးခြင်းသည် ဆားပါဝင်မှုအလွန်မြင့်မားသောကြောင့် သွေးပေါင်ချိန်တက်စေနိုင်သည်။ အရသာရှိသော်လည်း တွဲဖက်ပါဝင်သည့် လျှို့ဝှက်ဆားများကို သတိပြုမိခြင်းသည် ကျန်းမာသောသွေးပေါင်ချိန်ကိုထိန်းသိမ်းရန် အဓိကအချက်ဖြစ်သည်။ ရိုးရာအရန်ဟင်းလျာများသည် ပမာဏအနည်းငယ်တွင် အန္တရာယ်မရှိဟုထင်ရသော်လည်း ဆားပါဝင်မှုအလွန်မြင့်မားခြင်းသည် သွေးတိုးရောဂါအတွက် ဖုံးကွယ်ထားသော တရားခံဖြစ်နိုင်သည်။ ငန်သောအစားအစာများစားသုံးခြင်းကို ကန့်သတ်ခြင်းသည် ဆိုဒီယမ်ပမာဏကိုထိန်းချုပ်နိုင်ပြီး နှလုံးသွေးကြော ကျန်းမာရေးကို ကာကွယ်ပေးသည်။

**တစ်နေ့တာလုံး ရေလုံလောက်စွာမသောက်ခြင်း**

တစ်နေ့တာအတွင်း ရေလုံလောက်စွာမသောက်ပါက ရေဓာတ်ခန်းခြောက်ခြင်းသို့ ဦးတည်စေကာ သွေးကိုပျစ်စေသောကြောင့် နှလုံးကညှစ်ထုတ်ရန် ပိုမိုခက်ခဲစေပြီး အချိန်ကြာလာသည်အမျှ သွေးပေါင်ချိန်တက်လာနိုင်သည်။ တစ်နေ့တာလုံး ရေအနည်းငယ်ကို ပုံမှန်သောက်ခြင်းက သွေးပျစ်ခြင်းကို လျှော့ချပေးပြီး ကျန်းမာသောသွေးပေါင်ချိန်ကိုဖြစ်စေသည်။

**ဆူညံသောပတ်ဝန်းကျင်တွင် ရေရှည်နေထိုင်ရခြင်း**

ယာဉ်ကြောပိတ်ဆို့မှုများ၊ ပတ်ဝန်းကျင်ဆူညံသံများနှင့် အိမ်တွင် ကျယ်လောင်သော TV သို့မဟုတ် ဆူညံသံများကို ဆက်တိုက်ထိတွေ့ခြင်း၏နောက်ဆက်တွဲစိတ်ဖိစီးမှုများက သွေးပေါင်ချိန်ကို သိသိသာသာတိုးစေနိုင်သည်။ လေ့လာမှုများအရ အဆက်မပြတ်ဆူညံသံများသည် ဦးနှောက်အတွင်းရှိ ဟိုက်ပိုသဲလ်မတ်စ်၊ ပစ်ကျူထရီ၊ အက်ဒရီနယ်ဝင်ရိုးကို လှုံ့ဆော်စေပြီး ကော်တီဆောထုတ်လွှတ်မှု သို့မဟုတ် အာရုံကြောစနစ်မှ နောက်ဆက်တွဲကက်တီကောလ်အေမင်းကို ထုတ်လွှတ်ခြင်းဖြင့် စိတ်ဖိစီးမှုတုံ့ပြန်မှုကို ဖြစ်စေသည်။

**ဆီးအိမ်ထဲတွင် ဆီးကို ကြာရှည်စွာထိန်းချုပ်ထားခြင်း**

အလုပ်များနေချိန်တွင် ဆီးသွားရန်လှုံ့ဆော်သော်လည်း လူအများက လျစ်လျူရှုပြီး ထိန်းချုပ်ထားတတ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် ဆီးအိမ်နှင့် ကျောက်ကပ်ကို ထပ်တလဲလဲဖိအားဖြစ်စေသည်။ အချိန်ကြာလာသည်နှင့်အမျှ သွေးလည်ပတ်မှုစနစ်တွင် ဖိစီးမှုဖြစ်စေပြီး သွေးပေါင်ချိန်ကို ပိုမြင့်လာစေနိုင်သည်။

**အိပ်ချိန်မလုံလောက်ခြင်း သို့မဟုတ် အိပ်ချိန်လွန်ကဲခြင်း**

အရည်အသွေးကောင်းမွန်သော အိပ်စက်ချိန် လုံလောက်စွာမရရှိခြင်းသည် သွေးတိုးခြင်းနှင့်ဆက်စပ်နေသည်။ အိပ်ချိန်မလုံလောက်ခြင်း သို့မဟုတ် အိပ်ချိန်လွန်ကဲမှု နှစ်ခုစလုံး (ခြောက်နာရီအောက် သို့မဟုတ် ကိုးနာရီအထက်ပုံမှန်အိပ်စက်ခြင်း) သည် ခန္ဓာကိုယ်၏ဇီဝနာရီစည်းချက်ကို နှောင့်ယှက်သည်။ အိပ်စက်ချိန်မညီမျှမှုသည် ကော်တီဆောကဲ့သို့သော စိတ်ဖိစီးမှုဟော်မုန်းများကို ထုတ်လွှတ်သောကြောင့် သွေးဖိအားကို တိုးလာစေသည်။

**ဖန်သားပြင်များရှေ့တွင် နာရီပေါင်းများစွာထိုင်ခြင်း**

အချိန်ကြာကြာထိုင်ခြင်းသည် နှလုံးပြဿနာများနှင့်ဆက်စပ်နေသည်။ ကြာကြာထိုင်ခြင်းက သွေးစီးဆင်းမှုကို ကန့်သတ်ခြင်းကြောင့် ခန္ဓာကိုယ်အတွက် သွေးလည်ပတ်ရန် ပိုမိုကြိုးပမ်းရသောကြောင့် သွေးဖိအားကို တဖြည်းဖြည်းတိုးလာစေနိုင်သည်။

**စိတ်ဖိစီးမှုများသောအခြေအနေများ**

စိတ်ဖိစီးမှုအခြေအနေများကို ခံစားရခြင်းသည် သွေးပေါင်ချိန်ကို ယာယီမြင့်တက်စေပြီး ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းနှင့် အစားအလွန်အကျွံစားခြင်းကဲ့သို့သော စိတ်ဖိစီးမှုဆိုင်ရာ ကျန်းမာရေးနှင့်မညီညွတ်သောအလေ့အထများကြောင့် သွေးပေါင်ချိန်ကို ပိုမြင့်လာစေနိုင်သည်။

**ကိုယ်လက်လှုပ်ရှားမှုလုံလောက်စွာမရှိခြင်း**

ကိုယ်လက်လှုပ်ရှားမှု လုံလောက်စွာမရှိခြင်းကြောင့် အဝလွန်ခြင်း သို့မဟုတ် ကိုယ်အလေးချိန်ပိုနေခြင်းသည် နှလုံးကို ပိုမိုအလုပ်လုပ်စေပြီး သွေးဖိအားကို တိုးစေသည်။

**လူနေမှုပုံစံနှင့် အလေ့အကျင့်အမှားများ**

ကိုကင်း သို့မဟုတ် အမ်ဖီတမင်းကဲ့သို့သော စိတ်ကြွဆေးများအသုံးပြုခြင်း၊ ဆေးရွက်ကြီးဝါးခြင်း၊ Vaping နှင့်ဆေးလိပ်သောက်ခြင်း၊ အရက် သို့မဟုတ် ကဖိန်းဓာတ်အလွန်အကျွံသောက်သုံးခြင်းသည် သွေးပေါင်ချိန်ကို ချက်ချင်းမြင့်တက်စေနိုင်သည်။

သွေးတိုးရောဂါဖြစ်နိုင်သောအကြောင်းရင်းများ အနက်မှ မျိုးရိုးဗီဇနှင့် အသက်အရွယ်ကြီး၍ သွေးတိုးခြင်းကို ရှောင်လွှဲ၍မရသော်လည်း တခြားပြုပြင်ပြောင်းလဲနိုင်သောအချက်များရှိသည်။ လူနေမှုပုံစံပြောင်းလဲခြင်းများသည် သွေးတိုးရောဂါကို ကာကွယ်ရန်နှင့်လျှော့ချရန် ကူညီပေးနိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်မျှတသော အစားအသောက်၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အစေ့အဆန်များစားသုံးခြင်း၊ ဆားနှင့် ကျန်းမာရေးနှင့်မညီညွတ်သောအဆီများ လျှော့ချစားသုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ကိုယ်အလေးချိန်ကိုထိန်းသိမ်းခြင်း၊ စိတ်ဖိစီးမှုကို စီမံခန့်ခွဲခြင်းနှင့် လုံလောက်သောအိပ်စက်ခြင်းကို သေချာစေခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အရက်နှင့် ကဖိန်းဓာတ်အလွန်အကျွံသုံးစွဲမှုကို ကန့်သတ်ခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်း၊ အချိန်ကြာကြာမထိုင်ခြင်းနှင့် ပိုမိုတက်ကြွသောလူနေမှုပုံစံပြောင်းလဲခြင်းတို့သည် သွေးပေါင်ချိန်ကိုလျှော့ကျစေသည်။

သို့ဖြစ်၍ သွေးပေါင်ချိန်မြင့်တက်စေနိုင်သော နေ့စဉ်အပြုအမူများကို သတိပြုရှောင်ကြဉ်ခြင်းဖြင့် သွေးတိုးရောဂါ၏နောက်ဆက်တွဲ နှလုံးအမောဖောက်ခြင်း၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် တခြားသောကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# ပြည်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးနှင့်သွင်းအားစုများပေးအပ်

ပြည် အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သမဝါယမဦးစီးဌာနမှ ယခုနှစ် ဆောင်းရာသီတွင် ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမည့် သမဝါယမအသင်း ၁၀ သင်းမှ အသင်းသားတောင်သူ ၄၂၆ ဦး၏ စိုက်ဧက ၃၀၀၀ အတွက် ပြည်မြို့နယ် သမဝါယမအသင်းစု၏အစီအစဉ်ဖြင့် တစ်ကေလျှင် ငွေကျပ် သုံးသိန်းနှင့်ညီမျှသော မြေပဲမျိုးနှင့်သွင်းအားစုများပေးအပ်ပွဲကို အောက်တိုဘာလ ၁ ရက်က ပြည်မြို့ ရွှေတံခါးရပ်ကွက် တာဂွလမ်းဆုံအနီးရှိ မျိုးစေ့နှင့်စိုက်ပျိုးရေး သုံးဆေးပစ္စည်းအရောင်းဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးသက်ပိုင်စိုးက မြေပဲစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများကို ပြောကြားပြီး တာဝန်ရှိသူများက သမဝါယမအသင်းသားတောင်သူများအတွက် မြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်သည်။

အဆိုပါမျိုးနှင့် သွင်းအားစုများပေးအပ်ပွဲသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် သမဝါယမအသင်းသားတောင်သူများ တက်ရောက်ကြောင်း သိရသည်။ **ချမ်းမြေ့**

# မင်းလှမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးစုဖွဲ့ထားရှိမှုနှင့်လေ့ကျင့်မှုများဆောင်ရွက်



မင်းလှ အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဒေသအတွင်း သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးစုဖွဲ့ထားရှိမှုနှင့်လေ့ကျင့်မှုများကို အောက်တိုဘာလ ၂ ရက်နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကို ဦးဆောင်သော တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေး လျင်မြန်စွာတုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

# ကဝမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

ကဝ အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရပ်ကွက်၊ ကျေးရွာများ၌ လာမည့်ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်စာရင်းများအား စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၁၃ ရက်အထိ နံနက်ပိုင်းမှစတင်၍ ကြော်ငြာဘုတ်များဖြင့် ကြေညာထားကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် မပါရှိပါက ပုံစံ(၃)ဖြင့် တောင်းဆိုရမည်ဖြစ်ကြောင်း၊ အမည်နှင့် အချက်အလက်များ ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ရမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် မိမိနာမည်၊ မှတ်ပုံတင်၊ အဘအမည် စသည်ဖြင့် အချက်အလက်များယွင်းနေပါက ပုံစံ ၄(က)ဖြင့် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အထက်ပါပုံစံများအား ရပ်ကွက်၊ ကျေးရွာကော်မရှင်ခွဲများထံတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှသိရသည်။ **အောင်ဖြူလင်း၊ (၄၁၀)**

# ကသာခရိုင်၌ မိုးနှမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးပြီးစီး

ကသာ အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကသာခရိုင်၌ မိုးနှမ်း ၅၈၂ ဧကစိုက်ပျိုးရန် အတွက်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးကြရာ အောက်တိုဘာလ ၂ ရက်အထိ ၁၂၆၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ကသာခရိုင်မှာ မိုးနှမ်းဧက ၅၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးနှမ်းစိုက်ပျိုးမှု အနေနဲ့ လက်ရှိလျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်တယ်။ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောသည်။

ယခုနှစ် ကသာခရိုင်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## ထာဝရအလင်းရှင်

❖ နေ့ချိန်ခါ ရောင်ရှိန်ဝင်း
သူရိန်မင်း ထွန်းလင်းရှာ။
ငွေသော်တာ ရွှန်းပပ
ညချမ်းချိန်ခါ။
အမှောင်ခွင်း နေ့ညသာ
ထိန်ဝေဖြာ အလင်းဖြန့်။
မြတ်ပညာ အခေါင်မှူးက
ထူးမြတ်ဂုဏ်ခံ့။

❖ အဖြူရောင်သင်္ကေတ
ထာဝရအလင်းရှင်။
တောင်မြင်းမိုရ် ပမာခိုင်း
နှိုင်းကြဂုဏ်အင်။
ပညာမွေ့စာကိုသင်
တပည့်လိုအင် ဖြည့်ကာပွား။
ထိန်ညီးဖြာ အလင်းငှတဲ့
မြတ်ဆရာများ။

❖ လျှံညီးထိန်သည်ဆီမီး
စဉ်ဖြည့်ဆည်းအလင်းရှင်။
ကမ္ဘာယှဉ် ရင်ပေါင်တန်းဖို့
ကြိုးပမ်းအစဉ်။
အလင်းပြမီးအိမ်ရှင်
မီးစာသွင် စေတနာဖြည့်။
လောင်စာဆီ ဝါသနာသွေးနဲ့
အားပေးပျော်မွေ့။

❖ အောက်တိုဘာ ရက်မြတ်ငါး
ဆရာများနေ့ဂုဏ်ပြုကြို။
နေလလို ပညာအလင်း
ဖန်ဆင်းကြည်ညို။
လေးဖြာတရား ဗြဟ္မစိုရ်
ဝမ်းမှာသို ချစ်မြတ်နိုး။
ကျင့်ဝတ်မျိုးငါးဖြာနှင့်
နာသုံးနာ ရှိန်ဝါလင်းတဲ့
ဖြည့်တင်းရှာ ဂုဏ်အထူးကို
ရည်စူးရှိခိုး။ ။

**မောင်မင်းသိမ်း(သရက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၇:၀၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ မွေးမြူသုတ |
| ၁၃။ | ၁၉:၀၀ | ရုပ်မြင်သံကြားဇာတ်လမ်း တင်ကျီးတစ်ဝမ်း ဖျိုင်းတစ်ဝမ်း သရုပ်ဆောင် – နိုင်ဝင်း၊ ဦးစံပေါ၊ တင့်လွင် ဒါရိုက်တာ – နိုင်ဝင်း(မင်းဥက္ကာ) |

### MWD Variety Channel

၃-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၅၀ | Countries of the World |
| ၂။ | ၁၁:၃၀ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၄:၄၅ | ကျန်းမာသောဘဝ |
| ၄။ | ၁၅:၄၅ | ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာ |

### MWD Education, Knowledge & Sports Channel

၃-၁၀-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၄၅ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ – ၁၅:၅၅ | Grade – 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ – ၁၇:၃၀ | Grade – 9 | သမိုင်း၊ သိပ္ပံ |

### သဇင်(FM)အသံလွှင့်အစီအစဉ် ၃-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၀:၂၀ | စာလာတယ်ဖျို့ |

# ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သွားရောက်စစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကလောမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူအများ အားကိုးယုံကြည်မှုရှိသော ဆေးရုံများဖြစ်အောင်၊ ပြည်သူလူထု စိတ်ချမ်းသာကိုယ်ကျန်းမာစွာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်စေရန်နှင့် နိုင်ငံတော်အစိုးရမှပံ့ပိုးမှုများကို ပြည်သူလူထုတိုက်ရိုက်ခံစားရရှိအောင် စေတနာထား ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုများ၊ ဓာတ်ခွဲဓာတ်မှန်များအတွက် နိုင်ငံတော်မှ လုံလောက်အောင် ထောက်ပံ့ပေးထားပြီးဖြစ်၍ လူနာများ စိုက်ထုတ်ကုန်ကျမှုမရှိစေရေး အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဓာတ်ခွဲစမ်းသပ်မှုများအတွက်ခုတင်-၂၀၀ အဆင့်အထိ တစ်ပြေးညီတိုးမြှင့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံလိုအပ်သောဆေးဝါးများ၊ ပဋိဇီဝဆေးဝါးများနှင့် အခြေခံအရေးပေါ်ဆေးဝါးများအား နိုင်ငံတော်မှ ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် တီဘီ၊ ခုခံကျကာလသားရောဂါ၊ ငှက်ဖျားရောဂါများ၊ မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများအတွက်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးဝါးများ ထောက်ပံ့ပေးထားပြီးဖြစ်ကြောင်း၊ အဆိုပါဆေးဝါးများကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူထောက်ပံ့ပေးထားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများသည် နိုင်ငံတော်ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်လာစေရန် အထောက်အကူများဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း လူနာများ၊ လူနာရှင်များနှင့် Public Relation ကောင်းမွန်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများနှင့်တွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်ကြည့်ရှု၍ ပြင်ပလူနာဌာန၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ် အင်းလေးဒေသ လင်းကင်းကျေးရွာအုပ်စု ဖွဲ့ဇင်းတောင်ကျေးရွာ၌ အသစ်တည်ဆောက်မည့် လင်းကင်းတိုက်နယ်ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် လျာထားမြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံ(ညောင်ရွှေမြို့)သို့ ရောက်ရှိကာ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနများသို့ လှည့်လည်ကြည့်ရှုကာ အစည်းအဝေးခန်းမတွင် ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း ကော်မတီညှိနှိုင်းစည်းဝေး



နေပြည်တော် အောက်တိုဘာ ၂

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ကော်မတီအတွက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအတိုင်း နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖြစ်လာစေရန် လုပ်ငန်းကော်မတီဝင်များအားလုံးက တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လုပ်ငန်းတာဝန် ၁၈ ရပ်နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဌာနအလိုက်ဆောင်ရွက်နေသော တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **မြဝတီ**

# ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ထူးခြားသည့် နေ့အပူချိန်များ

၂-၁၀-၂၀၂၅

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | |
| ဘားအံ | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ကော့သောင်း | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

# မြန်မာနှင့် ကာဇက်စတန်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ

ခေတ်လူငယ်

ကာဇက်စတန်နိုင်ငံဟာ အလယ်အာရှနဲ့ အရှေ့ဥရောပမှာတည်ရှိပြီး အာရှနဲ့ဥရောပတိုက်နှစ်ခုစလုံးတွင် ပါဝင်လျက်ရှိပါတယ်။ ကမ္ဘာပေါ်တွင် နဝမမြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး အကြီးဆုံးကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ကာ အနောက်ဥရောပထက်ပင် ဧရိယာပိုမိုကြီးမားပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ရုရှား၊ တရုတ်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်တို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး မြို့တော်အမည်မှာ အက်စ်တာနာဖြစ်ကာ ယခင်မြို့တော်ဖြစ်တဲ့ အာမာတီမြို့မှ ၁၉၉၇ ခုနှစ်မှာ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပါတယ်။ ကာဇက်ဘာသာစကားအသုံးပြုပြီး ရုရှားဘာသာစကားကိုလည်း တွင်တွင်ကျယ်ကျယ်သုံးစွဲကြကာ ကာဇက်၊ ရုရှား၊ ယူကရိန်း၊ ဂျာမန်၊ ဥဇဘက်၊ တာတာနဲ့ ဝီဂါလူမျိုးတွေနေထိုင်ကြပါတယ်။ ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်မှာ သီးခြားလွတ်လပ်တဲ့နိုင်ငံတစ်ခုဖြစ်လာခဲ့ပြီး ပထမဆုံးသမ္မတမှာ နူဆူလ်တန် နာဇာဘာယက်ဗ် (Nursultan Nazarbayev) ဖြစ်ပြီး ၂၀၁၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ လက်ရှိသမ္မတကတော့ ကာဆင်းတိုကာယဲ့ဗ် (Kassym Tokayev)ဖြစ်ပါတယ်။

ကာဇက်စတန်နိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း ၎င်းရဲ့ပထဝီအနေအထားအရ ကုန်းလမ်းဆက်သွယ်ရေးမှာတော့ အလွန်အရေးပါတဲ့နိုင်ငံတစ်ခုဖြစ်တယ်။ တရုတ်နိုင်ငံမှ ဥရောပ၊ ရုရှားနဲ့ အလယ်အာရှဒေသတွေကို ကုန်းလမ်း၊ ရထားလမ်းတွေနဲ့ ဆက်သွယ်ပေးနိုင်တဲ့ ဗဟိုချက်တစ်ခုဖြစ်တယ်။ တရုတ်နိုင်ငံရဲ့ စက်မှုဇုန်တွေနဲ့ ဥရောပရှိစားသုံးသူဈေးကွက်တွေကို ရထားလမ်း၊ ကုန်းလမ်းကွန်ရက်ဖြင့် တိုက်ရိုက်ချိတ်ဆက်ပေးပါတယ်။ ကမ္ဘာ့အကြီးဆုံး ရေနံနဲ့သဘာဝဓာတ်ငွေ့ထုတ်လုပ်တင်ပို့တဲ့ နိုင်ငံတွေထဲမှ တစ်ခုဖြစ်ပြီး ဥရောပနဲ့အာရှရဲ့စွမ်းအင်

နိုင်ငံဟာ ယူရေးရှားကုန်းမြေကို ဥရောပနဲ့ချိတ်ဆက်ပေးသလို မြန်မာနိုင်ငံဟာလည်း တရုတ်၊ အိန္ဒိယနဲ့ တောင်အာရှကို အိန္ဒိယသမုဒ္ဒရာဖြင့် ချိတ်ဆက်ပေးပါတယ်။ ချိတ်ဆက်မှုတွေ ပိုမိုခိုင်မာလာပါက အာရှအလယ်ပိုင်းမှ အရှေ့တောင်အာရှသို့ ကုန်စည်များနဲ့ ရင်းနှီးမြှုပ်နှံမှုတွေစီးဆင်းနိုင်တဲ့ ဒေသတွင်းလမ်းကြောင်းသစ်တစ်ခု ပေါ်ပေါက်လာမှာဖြစ်တယ်။

ကတော့ စွမ်းအင်နဲ့ တွင်းထွက်ပစ္စည်းတွေ၊ စိုက်ပျိုးရေးနည်းပညာအပါအဝင်နည်းပညာတွေဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက် အထူးသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ဖြည့်ဆည်းပေးနိုင်တဲ့ အလားအလာတွေရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း စိုက်ပျိုးရေးနဲ့သယံဇာတအခြေခံကုန်ပစ္စည်းများ၊ ပင်လယ်ရေထွက်ပစ္စည်းများကြွယ်ဝတာကြောင့် ကာဇက်စတန်ဈေးကွက်ကို

ပစ္စည်းများဖလှယ်ခြင်း၊ စိုက်ပျိုးရေးနဲ့ စက်မှုကုန်စည်တွေကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများချိတ်ဆက်ခြင်း၊ နည်းပညာနဲ့ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်တဲ့ စီးပွားရေးအခွင့်အလမ်းများစွာရှိပါတယ်။

**ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ**

ကာဇက်စတန်နိုင်ငံဟာ ၎င်းရဲ့ပထဝီအနေအထား



Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံ လေ့လာရေးမျှော်စင်



Astana International Financial Center (AIFC)

❖ **မြန်မာနိုင်ငံအနေနဲ့လည်း စိုက်ပျိုးရေးနဲ့သယံဇာတအခြေခံကုန်ပစ္စည်းများ၊ ပင်လယ်ရေထွက်ပစ္စည်းများကြွယ်ဝတာကြောင့် ကာဇက်စတန်ဈေးကွက်ကိုတင်ပို့နိုင်တဲ့ အဓိကကုန်စည်များစွာရှိပါတယ်။ မြန်မာနိုင်ငံရဲ့အထည်အလိပ်လုပ်ငန်းဟာလည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးရှိတဲ့အတွက် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)အဖွဲ့ဝင်ဖြစ်တဲ့ ကာဇက်စတန်ရဲ့ဈေးကွက်ကို ထိုးဖောက်နိုင် . . .**

လုံခြုံရေးအတွက် မရှိမဖြစ်အရေးပါတဲ့ပိုက်လိုင်း (Pipelines) တွေ တည်ရှိရာဒေသလည်းဖြစ်တယ်။

မြန်မာနိုင်ငံနဲ့ ကာဇက်စတန်တို့ဟာ ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးများ ရရှိလာမှာဖြစ်ပါတယ်။ ကာဇက်

**စီးပွားရေးနှင့်ကုန်သွယ်ရေးအခွင့်အလမ်းများ**

ကာဇက်စတန်ဟာ ကမ္ဘာပေါ်မှာ ဧရိယာအကြီးဆုံးကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်သော်လည်း သဘာဝသယံဇာတနဲ့ တွင်းထွက်ပစ္စည်းများအလွန်ကြွယ်ဝတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ကာဇက်စတန်မှ တင်သွင်းနိုင်တဲ့ အဓိကပစ္စည်းတွေ

တင်ပို့နိုင်တဲ့ အဓိကကုန်စည်များစွာရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အထည်အလိပ်လုပ်ငန်းဟာလည်း ဈေးနှုန်းသက်သာပြီး အရည်အသွေးရှိတဲ့အတွက် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)အဖွဲ့ဝင်ဖြစ်တဲ့ ကာဇက်စတန်ရဲ့ဈေးကွက်ကို ထိုးဖောက်နိုင်ပါတယ်။

ကာဇက်စတန်ဟာ သတ္တုတူးဖော်ခြင်းနဲ့ သတ္တုသန့်စင်ခြင်းကဏ္ဍတွေမှာ နှစ်ပေါင်းများစွာအတွေ့အကြုံနဲ့ ခေတ်မီနည်းပညာတွေပိုင်ဆိုင်ထားတယ်။ မြန်မာနိုင်ငံအနေနဲ့ ကာဇက်စတန်ရဲ့ သတ္တုတူးဖော်ရေး၊ သန့်စင်ထုတ်လုပ်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစံနှုန်းများနဲ့ နည်းပညာတွေရယူပြီး တွင်းထွက်ထုတ်လုပ်မှုကဏ္ဍကိုခေတ်မီတိုးတက်အောင်လုပ်ဆောင်နိုင်ပါတယ်။ နှစ်နိုင်ငံအကြားသဘာဝသယံဇာတ

တည်ရှိမှုနဲ့ အဖိုးတန်တွင်းထွက်သယံဇာတပစ္စည်းတွေကြွယ်ဝတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့တင်ပို့ရာကနေ နိုင်ငံခြားဝင်ငွေများရရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါ့အပြင် ယူရေနီယံနဲ့ အခြားတွင်းထွက်သယံဇာတတွေကို ပြည်ပနိုင်ငံအများအပြားကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ယူရေနီယံကို ရုရှားနိုင်ငံသို့တင်ပို့ရောင်းချပြီး ရေနံကိုတော့ တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့ရောင်းချကာ နိုင်ငံခြားဝင်ငွေတွေ ရရှိနေတာလည်းဖြစ်တယ်။ ကာဇက်စတန်နိုင်ငံမှာ ရုရှား၊ တရုတ်တို့အပြင် အမေရိကန်၊

စာမျက်နှာ ၁၂ သို့ ⇨

⇨ စာမျက်နှာ ၁၁ မှအဆက်

တောင်ကိုရီးယား၊ ကာတာ၊ တူကီယဲနဲ့ အနောက် ဥရောပနိုင်ငံအချို့လည်း ရင်းနှီးမြှုပ်နှံကြတယ်။

Astana International Financial Center (AIFC) ဟာလည်း National Digital Investment Platform ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်သလို ကာဇက်စတန်ရဲ့ ကြီးမားတဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးတစ်ခု ဖြစ်တာကိုတွေ့ရှိရတယ်။ AIFC ဟာ ဗဟိုအာရှဒေသရဲ့ အဓိကဘဏ္ဍာရေးစင်တာကြီးတစ်ခုဖြစ်ပြီး ဗဟို အာရှဒေသအပြင် တရုတ်နိုင်ငံအနောက်ပိုင်းဒေသ၊ အရှေ့ဥရောပနဲ့ အရှေ့အလယ်ပိုင်းဒေသတို့ရဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အလွန် အရေးပါလျက်ရှိပါတယ်။ ဒါကြောင့် ကာဇက်စတန်ဟာ ၎င်းရဲ့တွင်းထွက်သယံဇာတများ တင်ပို့ရောင်းချလို့ ရရှိလာတဲ့နိုင်ငံခြားဝင်ငွေများကို ခေတ်မီဒစ်ဂျစ်တယ် နည်းပညာဖြင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများလုပ်ငန်း များနဲ့ပေါင်းစပ်ကာ နိုင်ငံ၏အနာဂတ်စီးပွားရေးကို ပုံဖော်နေတဲ့ ဗဟိုအာရှဒေသရဲ့စီးပွားရေးမှာ ဦးဆောင် နေတဲ့နိုင်ငံလို့ပြောလို့ရတယ်။

ကာဇက်စတန်ဟာ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ကဏ္ဍစုံကနေ နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုတွေအတွက် လမ်းဖွင့်ပေးထားလို့ မြန်မာနိုင်ငံ အနေနဲ့လည်း စီးပွားရေးအရပူးပေါင်းဆောင်ရွက် လို့ရတဲ့ အခွင့်အလမ်းတွေရှိတယ်ဆိုတာ လုံးဝသေချာ နေတယ်။ ဒါ့ကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ ကာဇက်စတန်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့တဲ့ ခရီးစဉ်မှာ မြန်မာ-ကာဇက်စတန် နှစ်နိုင်ငံကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ သယ်ယူ ပို့ဆောင်ရေးကဏ္ဍနဲ့ စွမ်းအင်ကဏ္ဍတွေမှာ ရင်းနှီး မြှုပ်နှံပါက နှစ်နိုင်ငံလုံးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမယ်လို့ ပြောခဲ့တာဖြစ်တယ်။ ကာဇက်စတန်နိုင်ငံကဲ့သို့ မြန်မာမှာလည်း တွင်းထွက် သယံဇာတများစွာထွက်ရှိတဲ့အတွက် သတ္တုတူးဖော် ရေးလုပ်ငန်းတွေမှာ ကာဇက်စတန်နိုင်ငံနဲ့ နည်းပညာ ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်နိုင်တယ်။ ဒါ့အပြင် ဒစ်ဂျစ်တယ်အစိုးရတစ်ရပ်အဖြစ် ကူးပြောင်းရန် အကောင်အထည်ဖော်နေတဲ့ မြန်မာအစိုးရအနေနဲ့ ဒစ်ဂျစ်တယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ပူးပေါင်း ဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းများ ရှိနေတာကို လည်း မြင်တွေ့ရတယ်။

**ပထဝီအနေအထားအရ ဗျူဟာမြောက်အချက် အချာကျမှု**

ကာဇက်စတန်နိုင်ငံဟာ ဆာဟတ်ဖို့ဒ် မက်ကင်ဒါ ၏ "Heart Land Theory" အယူအဆ နယ်မြေတွင် ပါဝင်နေပြီး ယူရေးရှားဒေသ၏ အလယ်ဗဟိုချက် လည်းဖြစ်ကာ ကမ္ဘာ့အရှေ့နဲ့ အနောက်ဒေသ များအကြား ပေါင်းကူးတံတားသဖွယ်ဖြစ်နေတယ်။ ကာဇက်စတန်နိုင်ငံဟာ ကဏ္ဍပေါင်းစုံနိုင်ငံခြားရေး မူဝါဒကိုထောက်ခံပြီး အမေရိကန်၊ ဥရောပသမဂ္ဂ၊ ရုရှား၊ တရုတ် စတဲ့နိုင်ငံတို့နဲ့ အောင်မြင်စွာပူးပေါင်း ဆောင်ရွက်လျက်ရှိရာ ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပြဿနာများ အထူးသဖြင့် စွမ်းအင်နဲ့ ပတ်သက်တဲ့ အရေးကြီးသော ချိတ်ဆက်မှုတစ်ခုအဖြစ် ရှိနေတယ်။

ခြုံငုံကြည့်လျှင် ကာဇက်စတန်ဟာ အနောက် နိုင်ငံတွေ၊ ရုရှားနဲ့ တရုတ်တို့ရဲ့ အကျိုးစီးပွားတွေ အကြား အင်အားချိန်ခွင်လျှာထိန်းသိမ်းရာမှာ ဘက်ပေါင်းစုံချိန်ညှိနေရတဲ့ အခြေအနေမှာရှိနေတယ်။ ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုတွေဟာ ဗဟိုအာရှ မူဝါဒကို ပြုပြင်ပြောင်းလဲဖို့ အရေးကြီးတဲ့အချက် ဖြစ်လာတာကြောင့် ကာဇက်စတန်အနေနဲ့ ဘက်စုံသုံး နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးလျက် ရှိသော်လည်း ၎င်းရဲ့အချုပ်အခြာအာဏာနဲ့ မဟာ ဗျူဟာမြောက် ပထဝီအနေအထားကို ဆက်လက် ထိန်းသိမ်းထားရန်အတွက် ဝေးကွာလှတဲ့ အမေရိကန်၊ ဥရောပသမဂ္ဂတို့ထက် အင်အားကြီးအိမ်နီးချင်း နှစ်နိုင်ငံ(ရုရှား၊ တရုတ်)တို့နဲ့ ပူးပေါင်းဆောင်ရွက် မယ့် နည်းလမ်းသစ်တွေကို ရှာဖွေလျက်ရှိပါတယ်။

**ရရှိလာနိုင်မည့် အခွင့်အလမ်းများ**

ကာဇက်စတန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ကနေ မြန်မာနိုင်ငံအတွက် ရရှိလာနိုင်တဲ့ အခွင့် အလမ်းတွေရှုမြင်ရမယ်ဆိုလျှင် အခြေအနေအချို့နဲ့ ဆက်စပ်တွေးဆကြည့်ဖို့လိုပါမယ်။ အငယ်စား နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည် ဆောက်နိုင်ရေးအတွက် ရုရှားနိုင်ငံပိုင် ROSATOM ကုမ္ပဏီနဲ့ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ မြန်မာအနေနဲ့ ကမ္ဘာ့နံပါတ်တစ် ယူရေနီယံထုတ်လုပ် သူ ကာဇက်စတန်နိုင်ငံရဲ့ မြို့တော် အက်စတာနာမှာ နိုင်ငံ့အကြီးအကဲနှစ်ဦးတွေ့ဆုံခဲ့မှုဟာ မိမိတို့နိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍအဖြေရှာရေးအတွက် အထောက်အကူ ဖြစ်စေမယ့် အခွင့်အလမ်းတစ်ခုဖြစ်လာနိုင်သလို စီးပွားရေးနဲ့ အခြားနယ်ပယ်အသီးသီးတို့မှာလည်း အခွင့်အလမ်းတွေရှိလာနိုင်တယ်။

အထူးအားဖြင့် နျူကလီးယားစွမ်းအင်ကနေ တည်ငြိမ်တဲ့ လျှပ်စစ်ကိုထုတ်လုပ်တဲ့နေရာမှာ အဓိက လောင်စာဖြစ်တဲ့ ယူရေနီယံကြွယ်ဝမှုဟာ အဆိုပါ နိုင်ငံမှာရှိတဲ့ အားသာချက်လို့ဆိုရမှာဖြစ်ကာ နှစ်နိုင်ငံ အကျိုးစီးပွားအပါအဝင် သဘောတူညီမှုတွေကနေ ကာဇက်စတန်နိုင်ငံနဲ့အကြား မိမိတို့နိုင်ငံအနေနဲ့ရယူ တည်ဆောက်နိုင်ခဲ့မယ်ဆိုရင် ရုရှားနဲ့ မြန်မာအကြား အငယ်စားနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး ခြေလှမ်းများကိုပါ အထောက် အကူဖြစ်စေပြီး မြန်ဆန်စေလာနိုင်တယ်။ ဒါ့အပြင် မိမိတို့နိုင်ငံအနေနဲ့ ကာဇက်စတန်နိုင်ငံနဲ့ ဆက်ဆံရေးကောင်းတွေ ဆက်လက်တည်ဆောက် သွားနိုင်မယ်ဆိုရင် ရုရှားဦးဆောင်တဲ့ ယူရေးရှား စီးပွားရေးယူနီယံ(Eurasian Economic Union) မှာ တက်ကြွစွာပိုမိုပါဝင်လာနိုင်မယ့် ခြေလှမ်းတွေကနေ နိုင်ငံတကာစိန်ခေါ်မှုတွေကို ခံနိုင်ရည်ပိုမိုရှိလာနိုင် မယ့်အပြင် နှစ်နိုင်ငံအကြားဆက်ဆံရေးအရလည်း မိတ်ဖက်နိုင်ငံကောင်းတစ်ခုကို ဆက်လက်ရှာဖွေနိုင် မယ့် အနာဂတ်ခြေလှမ်းအတွက်ပါ အကျိုးများလာ နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။




**ကာဇက်စတန်နိုင်ငံတည်နေရာပြမြေပုံ**

**❖ မြန်မာနိုင်ငံအနေနဲ့ ကာဇက်စတန်ရဲ့ သတ္တုတူးဖော်ရေး၊ သန့်စင်ထုတ်လုပ်ရေးနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာစံနှုန်းများနဲ့ နည်းပညာတွေရယူပြီး တွင်းထွက်ထုတ်လုပ်မှုကဏ္ဍကို ခေတ်မီတိုးတက် အောင် လုပ်ဆောင်နိုင်ပါတယ်။ နှစ်နိုင်ငံအကြား သဘာဝသယံဇာတပစ္စည်းများဖလှယ်ခြင်း၊ စိုက်ပျိုးရေးနဲ့ စက်မှုကုန်စည်တွေကုန်သွယ်ခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများချိတ်ဆက်ခြင်း၊ နည်းပညာနဲ့ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်တဲ့ စီးပွားရေး အခွင့်အလမ်းများစွာရှိ . . .**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၀-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၀ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၅ | ၂၉၂၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၈၉၅ | ၃၀၁၀ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၅၀ | ၂၉၆၅ | ၄၅၆၀ | ၃၂၆၀ | ၂၉၈၅ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၅၄၅ | ၂၆၅၅ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၀ | ၂၆၃၅ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | ၄၈၃၀ | ၃၄၈၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | - | ၃၄၈၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၄ | ၂၇၅၁ |
| 95 Ron | ၂၇၃၀ | ၂၈၁၈ |
| HSD (500 ppm) | ၂၃၈၈ | ၂၄၆၅ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၀ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တန်ဖိုးထား၍ လေးစားယုံကြည် ဆရာ့ဂုဏ်ရည်

မောင်လေပြေ(တောင်တွင်း)

**"ပဥ္စဂုဏံ အဟံ ဝန္ဒာမိ၊ အာစရိယဂုဏံ အဟံ ဝန္ဒာမိ"**

သမီးလေးကိုကျောင်းကြို့ရန် ကျောင်းပေါက်ဝတွင်စောင့်ဆိုင်းနေရင်း ကျောင်းတွင်းရှိ စာသင်ခန်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဆရာ၊ ဆရာမများအား နှုတ်ဆက်သံလေးများကို ဆင့်ကဲဆင့်ကဲ ကြားလိုက်ရသည်။ ထိုကဲ့သို့သော နှုတ်ခွန်းဆက်သံလေးများဖြင့် ဆရာ၊ ဆရာမများကို နှုတ်ဆက်ခဲ့ကြသော စာရေးသူတို့၏ငယ်ဘဝလေးများကို လွမ်းတမိသည်။

အနန္တေအနန္တငါးပါးဂိုဏ်းဝင် ဆရာ၊ ဆရာမများကိုလည်းလွမ်းမိရင်း ၎င်းတို့၏ဂုဏ်ကျေးဇူးများကိုလည်း နှလုံးသွင်းမိပြန်သည်။ မိဘများအနေဖြင့် မိမိတို့ငယ်ဘဝမှ ယခုလက်ရှိအခြေအနေအထိရောက်အောင် လမ်းပြသွန်သင်ပဲ့ပြင်ပေးခဲ့ကြသော ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးများကို နှလုံးသွင်းကာ တန်ဖိုးထားကြသကဲ့သို့ မိမိတို့၏ရင်သွေးငယ်လေးများကိုလည်း ဆရာ၊ ဆရာမများ၏ဂုဏ်ကျေးဇူးကို အထူးလေးမြတ်တန်ဖိုးထားတတ်အောင် ဆုံးမသွန်သင်ပေးရန် လိုအပ်သည်။

**"အာစရိယဂုဏော အနန္တော – ဆရာများ၏ဂုဏ်ကျေးဇူးသည် အဆုံးမရှိကြီးမြတ်လှ၏"** ဟူ၍ မြတ်ဗုဒ္ဓက ဟောညွှန်ခဲ့သည်။ မြန်မာတို့သည် မိမိတို့အား ဆုံးမသွန်သင် ပဲ့ပြင်ပေးခဲ့ကြသော ဆရာသခင် အာစရိယတို့အား အနန္တေအနန္တငါးပါး ဘုရားနှင့်တစ်ဂိုဏ်းတည်းထားကာ လေးစားမြတ်နိုးတန်ဖိုးထားကြသည်။

အနန္တေအနန္တငါးပါးဟူသည်မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့အား ဆိုလိုခြင်းဖြစ်ပြီး အနန္တေအနန္တဟူသည်မှာ မရေမတွက်နိုင်လောက်အောင် (အဆုံးမရှိအောင်) ကျေးဇူးကြီးမားသူဟူ၍ အဓိပ္ပာယ်ရသည်။ မြင်းမိုရ်တောင်ဦး မကကျူးလောက်အောင် ကျေးဇူးကြီးမားလှသော ဆရာသမားတို့၏ဂုဏ်ကား အဆုံးမရှိအောင်များပြားလှသည်။

ဆရာဟူသည် အသိပညာ၊ အတတ်ပညာများပေးဝေသည့် ပုဂ္ဂိုလ်များဖြစ်ပြီး သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော တိုက်ရိုက်မထိတွေ့သည့် ပုဂ္ဂိုလ်များကိုပင် ကျေးဇူးရှင်ဆရာဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ဆရာဟူသမျှကို ရိုသေလေးစားကြ၍ ဆည်းကပ်ကိုးကွယ်အပ်သည်။ ဆရာဟူသမျှကို စိတ်ဝယ်မျှပင် ပြစ်မှားကျူးလွန်ခြင်းအမှုတို့ကိုမပြုအပ်ပေ။

ဆရာဟူသည် ဆာယာဟူသော စကားလုံးမှ ဆင်းသက်လာပြီး တပည့်များကို အေးမြသောအရိပ်ကိုပေးသူဟု အဓိပ္ပာယ်ရသည်။ **"သစ်ပင်၏အရိပ်သည်ချမ်းသာ၏။ ထိုသစ်ပင်အရိပ်ချမ်းသာသည်ထက် ဆွေမျိုးမိဘတို့၏အရိပ်သည် ချမ်းသာ၏။ ထိုဆွေမျိုးမိဘတို့၏ အရိပ်ချမ်းသာသည်ထက် ဆရာ၏အရိပ်သည် ပို၍ချမ်းသာ၏"** ဟူ၍ ရှေးပညာရှိတို့ကအဆိုရှိခဲ့သည်။

ထို့ပြင် ဆရာဟူသည်မှာ အာစရိယဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာသည်ဟုလည်း မှတ်သားရပြန်သည်။ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ကထုတ်ဝေခဲ့သော မြန်မာအဘိဓာန်တွင် "ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဆရာ၏အဓိပ္ပာယ်ကို "သွန်သင်ဆုံးမ နည်းလမ်းပြသောပုဂ္ဂိုလ်၊ ပညာပို့ချသင်ကြားပေးသူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဆရာ သို့မဟုတ် သင်ပြပေးသူဆိုသည်မှာ တပည့်များအား ပညာ၊ ဗဟုသုတ၊ ကိုယ်ကျင့်တရားတို့နှင့်ပြည့်စုံအောင် သွန်သင်ဆုံးမပေးသူဟူ၍လည်း မှတ်သားရသည်။ ဆရာများသည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် သမိုင်းအစဉ်အလာနှင့် ကိုးကွယ်ယုံကြည်မှုများအရ ဆရာ၊ ဆရာမများကို ရိုသေလေးစားတန်ဖိုးထားကာ ဆည်းကပ်ပူဇော်ထိုက်သောပုဂ္ဂိုလ်များဟူ၍ သတ်မှတ်ကြသည်။ တပည့်တို့အပေါ်ထားသည့်ဆရာများ၏စေတနာ၊ မေတ္တာသည်မိဘနှင့်မခြားကြီးမားလှသည်။

**"တိလောကဟု၊ မရနိုင်းတူ**
**ဘက်မပြုသည်၊ သုံးဆူရတနာ**
**မာတာပိတ၊ ဆရာစသား၊ အရှင်များ"** ဟု

ပေလေးပင်ရှင်လေးပါးတွင်ပါဝင်သော အင်းဝခေတ် ရဟန်းစာဆို ရှင်မဟာသီလဝံသကလည်း စပ်ဆိုထားသည်။

ဆရာကောင်းတို့၏ ဂုဏ်အင်လက္ခဏာများကို မန်လည်ဆရာတော်ဘုရားကြီးက မဟာသုတကာရီမဃဒေဝ လင်္ကာသစ်တွင်

**"ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်**
**လွဲမိုက်ဆုံးမ၊ မေးသမျှခံ**
**ခမ္မံနက်နဲ၊ ဟောနိုင်မြဲ၍**
**ကျိုးနည်းမတန်း၊ ခုနစ်ခန်းနှင့်**
**ပြည့်လျှမ်းညီညာ၊ ဤဆရာ**
**ရှာဖွေ တပည့်ခံ"** ဟူ၍ သီကုံးဖွဲ့ဆိုခဲ့သည်။

ဆရာတို့၏ဂုဏ်ကျေးဇူးကား ကြီးမားမြင့်မြတ်လှသည်။ ဆရာ့ဝတ္တရားငါးပါးဖြစ်သော "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဟူသော လင်္ကာနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာတို့ဖြင့် တပည့်များအား အလေးထား သင်ကြားပေးကြသည်။

ဆရာဟူသည် "တပည့်မရှား တစ်ပြားမရှိ ပီတိကို စား အားရှိပါ၏" ဟူ၍ ဆရာကြီးဦးလှိုင်မင်း ခေါ် ဆရာမောင်ရိုးဂုဏ်က ဆရာ့ဘဝ ဆရာ့အလှကို ကဗျာတိုလေးဖြင့် ဖော်ကျူးခဲ့သည်။ ဆရာများသည် တပည့်များ၏အောင်မြင်မှုကိုကြည့်ရှုရင်း ပီတိနှလုံးရွှင်ပြုံးနေလေ့ရှိသူများပင်ဖြစ်သည်။

ဆရာတို့သည် "ထကြွ၊ နိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု၊ ဤခြောက်ခု၊ ကြီးသူ့ ဂုဏ်အင်္ဂါ" ဟူသော နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံကြသူများဖြစ်ရုံမက "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရီ၊ ဩတ္တပ္ပ" တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့် ပြည့်စုံသူများလည်း ဖြစ်ကြသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းတွင်သာမက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးကလည်း ဆရာ၊ ဆရာမများ၏ဂုဏ်ကျေးဇူးကို အထူးတန်းဖိုးထားကြရသည်။

> **❖ ဆရာဟူသည် ဆာယာဟူသောစကားလုံးမှ ဆင်းသက်လာပြီး တပည့်များကို အေးမြသောအရိပ်ကိုပေးသူဟု အဓိပ္ပာယ်ရသည်။ "သစ်ပင်၏အရိပ်သည် ချမ်းသာ၏။ ထိုသစ်ပင်အရိပ်ချမ်းသာသည် ထက် ဆွေမျိုးမိဘတို့၏အရိပ်သည် ချမ်းသာ၏။ ထိုဆွေမျိုးမိဘတို့၏ အရိပ်ချမ်းသာသည်ထက် ဆရာ၏အရိပ်သည် ပို၍ချမ်းသာ၏" ဟူ၍ ရှေးပညာရှိတို့ကအဆိုရှိခဲ့သည်။**

ကမ္ဘာတစ်ဝန်းလုံးမှ ဆရာများ၏ မြင့်မြတ်သော ဂုဏ်ကျေးဇူးကို အလေးအမြတ်ပြုသည့်အနေဖြင့် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့က ဆရာများ၏အဆင့်အတန်းနှင့်ပတ်သက်သည့် ထောက်ခံချက်ကို လက်မှတ်ရေးထိုးခဲ့သော ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကို အကြောင်းပြု၍ ၁၉၉၄ ခုနှစ်မှစတင်ကာ နှစ်စဉ်အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း "ကမ္ဘာ့ဆရာများနေ့" အား နိုင်ငံတော်ကကြီးမှူး၍ နှစ်စဉ်တခမ်းတနားကျင်းပလျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနကဦးစီး၍ ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် စတင်ကျင်းပခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကမ္ဘာ့ဆရာများနေ့ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း ဆရာ၊ ဆရာမများအား ကန်တော့ခဲ့ကြသည်။

ကမ္ဘာ့ဆရာများနေ့ကျင်းပရခြင်းရည်ရွယ်ချက်များမှာ–

- ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် လူသားအရင်းအမြစ်ပျိုးထောင်ရေးတွင် ပဓာနကျသော ဆရာများ၏တန်ဖိုးကြီးမားပုံကို ပေါ်လွင်ထင်ရှားလာစေရန်၊
- ဆရာများ၏ဂုဏ်ရည် ကျင့်ဝတ်သိက္ခာနှင့် ဂုဏ်ကျေးဇူးတို့ကို ဖော်ကျူးဂုဏ်ပြုနိုင်ရန်၊
- ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတို့တွင် လူ့ဘောင်အဖွဲ့အစည်းကြီးကလိုလားအပ်သည့် သားကောင်းရတနာများ ပေါ်ထွက်လာရေးအတွက် ပုံဖော်ပေးမည့် ဆရာကောင်း ဆရာမြတ်များ ကမ္ဘာအနှံ့အပြား၌ ပေါ်ပေါက်လာစေရန် ဖြစ်သည်။

အလျဉ်းသင့်၍ မိဘများ တစ်နည်းအားဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများကို အကြံပြုလိုသည်။ ကျောင်းအသီးသီးမှ ကျင်းပကြသော ဆရာကြီး၊ ဆရာမကြီးများအားကန်တော့သည့် အာစရိယပူဇော်ပွဲများတွင် ပါဝင်အားဖြည့်စေလိုသည်။ ထိုအာစရိယပူဇော်ပွဲများသည် အိုမင်းမစွမ်းဖြစ်နေကြသော ဆရာကြီး၊ ဆရာမကြီးများအား များစွာအားဖြစ်စေသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ မြို့ပြများနှင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေသော ကျောင်းကြီးများတွင် အာစရိယပူဇော်ပွဲများကို နှစ်စဉ်ကျင်းပလေ့ရှိကြသော်လည်း ကျေးလက်ဒေသ စာသင်ကျောင်းများတွင် အာစရိယပူဇော်ပွဲများကျင်းပခြင်းအလေ့ အားနည်းနေသောကြောင့် ကျေးလက်ကျောင်းများမှ ပင်စင်ယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအားလည်း အလေးထား ကန်တော့သင့်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မိမိတို့၏သားသမီးများနှင့်အတူ ဆရာကြီး၊ ဆရာမကြီးများအား တွေ့ဆုံဦးခိုက်ကာ ငယ်ဘဝကဆုံးမသွန်သင်ပေးခဲ့ကြသော ဂုဏ်အင်ထူးခြား ဆရာများကို တန်ဖိုးထားလေးစားကန်တော့သင့်သည်။ သို့မှသာ မိမိတို့၏သားသမီးလေးများကို ဆရာ၊ ဆရာမများအား တန်ဖိုးထားတတ်သောစိတ်များ လက်ဆင့်ကမ်းပြီး ဖြစ်နေပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုရသော် အဆုံးမရှိ ကြီးမြတ်လှသော ဆရာတို့၏ဂုဏ်ရည်ကို ယုံကြည်လေးစား တန်ဖိုးထားကာ မိဘ၊ ဆရာ၊ ကျောင်းသား တက်ညီလက်ညီပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကိုတည်ဆောက်ကြပါစို့ဟူ၍ တိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ။

## အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းဖွင့်လှစ်

ပဲခူး အောက်တိုဘာ ၂

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှဖွင့်လှစ်သည့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁ ရက်တွင် ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) သင်တန်းကျောင်းတာဝန်ခံ ဦးအောင်နိုင်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေရန်၊ လုပ်ငန်းကဏ္ဍအသီးသီးတွင် လိုအပ်နေသောကျွမ်းကျင်လုပ်သားအဆင့်ဆင့်ကို မွေးထုတ်ပေးရန်ရည်ရွယ်၍ သင်တန်းသား ၂၀ ဦးအား ကျွမ်းကျင်သင်တန်းနည်းပြဆရာများက စက်ပစ္စည်းကိရိယာများအား တိုင်းတာခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လက်သုံးကိရိယာများ အသုံးပြုပုံအသုံးပြုနည်း၊ လျှပ်စစ်အခြေခံသဘောတရားများ စသည့်ဘာသာရပ်များကို စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၃၀ ရက်ထိ စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ "ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည့်အစီအစဉ်" အသိပေးကြေညာချက်

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများအချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့်တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက်တာဝန်ကျေပွန်စွာပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် စပါးသီးနှံအပါအဝင် သီးနှံ (၂၃) မျိုးအား မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေမှစတင်၍ ဂျုံသီးနှံချေးငွေအား တစ်ဧကချေးငွေကျပ် ၁၅၀၀၀၀/-နှုန်း၊ တစ်နှစ်လျှင် အတိုးနှုန်း ၅% ဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဂျုံသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့်အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

နေပြည်တော် အောက်တိုဘာ ၂

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရန်အောင်မြင် (ဘုမ္မော)ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၈ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရန်အောင်မြင်(ဘုမ္မော)ကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှု



နေပြည်တော် အောက်တိုဘာ ၂

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး စက်မှုဇုန်ရှိ မြင့်မြတ်မောင်ကုမ္ပဏီလီမိတက်၏ SKD စနစ်ဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်သည့်စက်ရုံ၌ Dongfeng အမှတ်တံဆိပ် လျှပ်စစ်သုံးမော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အနေဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကိုဖွဲ့စည်းပြီး လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ကြောင်း၊ မူဝါဒတွင် ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ ဖွံ့ဖြိုးရေးလမ်းပြမြေပုံများ သတ်မှတ်ရေးဆွဲထားပြီးဖြစ်၍ မူဝါဒနှင့်အညီ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မော်တော်ယာဉ်အစိတ်အပိုင်းများကို သတ်မှတ်ထားသည့်အတိုင်း ပြည်ပမှ တင်သွင်း၍ တပ်ဆင်ထုတ်လုပ်နေရုံဖြင့် ကျေနပ်မနေဘဲ မော်တော်ယာဉ်၏ တချို့အစိတ်အပိုင်းများကို ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူအများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိကာ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် လုပ်ငန်းတာဝန်များကိုအလေးထားကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးမြို့၌ ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်ကာ လယ်ယာသုံးစက်ကိရိယာပစ္စည်းပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါပြပွဲကို အောက်တိုဘာလ ၂ ရက်မှ ၆ ရက်အထိ ၅ ရက်တိုင်တိုင်ကျင်းပပြီး တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ၏ စွမ်းဆောင်ရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည့်အပြင် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲအစေ့ချစက်၊ သီးနှံအခြောက်ခံစက်၊ သီးနှံစုံခြွေလှေ့စက်၊ ကြံစိုက်စက်၊ နှမ်းစိုက်စက်၊ ဆေးဖျန်းစက်၊ ထွန်စက်ကြီးများနှင့် တွဲဖက်အသုံးပြုရသည့် ထယ်၊ ထွန်များ၊ ပေါင်းလိုက်သမန်းနှီးကိရိယာများ၊ သဘာဝဓာတ်မြေသြဇာများ စသည့် လယ်ယာသုံးပစ္စည်း ၈၃ မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၁°C |
| ရန်ကုန် | ၂၄°C | / | ၃၂°C |
| မန္တလေး | ၂၄°C | / | ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အသက် ၁၀၀ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်



ဧရာဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုသိမ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက ပုသိမ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက်၁၀၀နှစ်ပြည့် ဗိုလ်ကြီးမြစိန်(အငြိမ်းစား) (မော်ကွန်းဝင်ဒုတိယအဆင့်)အား ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဗိုလ်ကြီးမြစိန်(အငြိမ်းစား) (မော်ကွန်းဝင် ဒုတိယအဆင့်)အား ဧရာဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုသိမ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၀ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများသွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၀ နှစ်ပြည့် ဗိုလ်ကြီးမြစိန်(အငြိမ်းစား) (မော်ကွန်းဝင် ဒုတိယအဆင့်)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ ဧရာဝတီတိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့်ပုသိမ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ဖ ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**❖ အဆင့်မြင့် ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ် . . .**

✯ **စာမျက်နှာ ၁၇ မှအဆက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ယခု အဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှုများပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့်ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်ဈေးဖြစ်ပေါ်လာစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ/ မီးစနစ်များစနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် သုမင်္ဂလာဈေး (ညံတောဈေး) ဖ ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ဖ ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြကာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြိုင်ပွဲကို အောက်တိုဘာလ ၂ ရက်မှ ၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသဘင်ဆောင်၌ကျင်းပရာ ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ၊ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ "အောင်စေပိုင်စေ" တေးသီချင်းကို အဆင့်မြင့်ပညာ အဆင့်အမျိုးသားဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အောင်ဆန်းဘို(ခ) အောင်ဘိုဘို(၂)အဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# ပြင်ဦးလွင်-ဂုတ်ထိပ်-နောင်ပိန် ရထားလမ်းပိုင်း၌ ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံးမီးရထားစက်ခေါင်းများအသုံးပြု၍ ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်လို





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မန္တလေး-လားရှိုး ရထားလမ်းပိုင်းရှိ ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်း ပြန်လည်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



ပျက်စီးသွားသော ဂုတ်ထိပ်တံတားအား Survey တိုင်းတာနေမှုကိုတွေ့ရစဉ်။




P16 နှင့် AB 2 ကြား L.S.T ထောက်တိုင်များတပ်ဆင်နိုင်ရန်အတွက် အောက်ခြေမြေနေရာညှိခြင်း၊ ပြုပြင်ခြင်းနှင့် ဖားထပ်ခွေပြုလုပ်ခြင်းဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

★ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ဘူတာကြီးသို့ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေး-လားရှိုး ရထားလမ်းပိုင်းရှိ ပြင်ဦးလွင်- နောင်ချို-ဂုတ်ထိပ်-ကျောက်မဲရထားလမ်းပိုင်းအား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ဂုတ်ထိပ်-နောင်ပိန်ကြား ဂုတ်ထိပ်တံတားတိုင်အမှတ်





P16 နှင့် AB2 အလယ် (Mid Span)၌ L.S.T (D–Type)ပုံစံအား လိုအပ်သည့်အမြင့်အတိုင်း ထည့်သွင်းဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

**❖ အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂုတ်ထိပ်တံတားပြုပြင်ခြင်းလုပ်ငန်းများနှင့် တံတားလုံခြုံရေးအတွက် လိုအပ်သည်များကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်၊ ရထားလမ်းပိုင်းတစ်လျှောက်ရှိ တံတားများ၏ ကြံ့ခိုင်ရေးကိုလည်း ပြန်လည်စစ်ဆေးပြီး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လို . . .**



ယာယီ Way Beam သံပေါင် (၆)ချောင်းအား ထည့်သွင်းတပ်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

(၁၆)နှင့် ကမ်းကပ်ခုံအမှတ်(၂) အကြား ထိခိုက်ပျက်စီးမှုအား ရေးမူလပုံစံပါအတိုင်း သံပေါင်အသစ် အစားထိုးပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ပျက်စီးခဲ့သည့် သံပေါင်အဟောင်းအားဖယ်ရှားရှင်းလင်း၍ ယာယီအဖြစ် Way Beam သံပေါင်များထည့်သွင်းပြီး သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပျက်စီးခဲ့သည့်သံပေါင်နှင့် ပုံစံတူသံပေါင်သစ်အား ပြန်လည်ထုတ်လုပ်လျက်ရှိမှု၊ လမ်းပိုင်းတစ်လျှောက် တောချုံခုတ်ခြင်းနှင့်လမ်းပိုင်းများပြုပြင်ခြင်း၊ ထုံးဖို-ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းနှင့်ရထားလမ်းတစ်လျှောက်အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းများရှင်းလင်းခဲ့မှုအခြေအနေများ၊ ရထားသံလမ်းအစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုများ၊ သံလမ်းဆက်ပြား ၃၈၃၂ ပြား၊ မူလီ ၁၇၁၈၈ လုံး၊ သံလမ်းထိန်းကလစ် ၁၆၃၁၁၅ ချောင်းတို့အား အကြမ်းဖက်သောင်းကျန်းသူများက ခိုးယူသွားမှုနှင့် အချိန်မီအစားထိုးတပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ရထားလမ်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ဆမ်ဆယ်ဘူတာမှ နောင်ချိုဘူတာကြား လမ်းဘေးတောခုတ်ခြင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။



နောင်ချိုဘူတာမှ ဆမ်ဆယ်ဘူတာကြား ရထားလမ်းပြုပြင်ခြင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။





မိုင်းရှင်းလင်းခြင်းနှင့်မိုင်းများရှာဖွေတွေ့ရှိမှုကိုတွေ့ရစဉ်။



မိုင်းများရှာဖွေနေမှုကိုတွေ့ရစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂုတ်ထိပ်တံတားပြုပြင်ခြင်း လုပ်ငန်းများနှင့် တံတားလုံခြုံရေးအတွက် လိုအပ်သည်များကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရထားလမ်းပိုင်းများအလိုက် ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းများဆောင်ရွက်ရာတွင်လည်း မီးရထားများလုံခြုံချောမွေ့စွာဖြင့်ပြေးဆွဲနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းအတွက် လိုအပ်သည့်ကျောက်များကိုလည်း သတ်မှတ်ချက်နှင့်အညီထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းပိုင်းတစ်လျှောက်ရှိ တံတားများ၏ကြံ့ခိုင်ရေးကိုလည်း ပြန်လည်စစ်ဆေးပြီး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားလမ်းပိုင်းပြန်လည်ဖွင့်လှစ်ချိန်တွင် ရထားများ အဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်-ဂုတ်ထိပ်-နောင်ပိန် ရထားလမ်းပိုင်း၌ ပြည်တွင်း/ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံးမီးရထားစက်ခေါင်းများအသုံးပြု၍ ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကျရောက်မည့် သီတင်းကျွတ်ကာလ အများပြည်သူရုံးပိတ်ရက်များတွင် ရန်ကုန်-နေပြည်တော်-မန္တလေး လူစီးရထားများ ထပ်မံတိုးချဲ့ပြေးဆွဲသွားရန် လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ သုမင်္ဂလာဈေး(ညံတောဈေး) ၆ ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အထပ်အလိုက်ဆိုင်ခန်းများဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ယာဉ်ရပ်နားသည့်နေရာများဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက်ကောင်းမွန်စေရေးနှင့် ရေဆိုးစွန့်ထုတ်မှုတို့အတွက် တွက်ချက်ဆောင်ရွက်ထားရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများတပ်ဆင်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများ၊ စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဆောက်လုပ်မှုစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing inspects PyinOoLwin railway station and new six-storey modern Thumingala market (Nyandaw market) project




Senior General Min Aung Hlaing hears a report on the new six-storey modern Thumingala market (Nyandaw market) project.

NAY PYI TAW October 2

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, accompanied by SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union ministers, senior military officers from the Office of the Commander-in-Chief and officials, inspected PyinOoLwin railway station this evening.

On arrival at the station, the Senior General and party were welcomed by Union Minister for Transport and Communication U Mya Tun Oo, Mandalay Region Chief Minister U Myo Aung and officials.

The Union Minister for Transport and Communication and officials reported on restoration of the part between Goteik-bridge pier No. 16 and approach structure No. 2 of the Goteik-bridge at Goteik-Naungpain section mined by terrorist insurgents by installing a new steel frame to resume train services along the PyinOoLwin-Nawnghkio-Goteik-Kyaukme section of Mandalay-Lashio railroad, replacement of the damaged steel frame with way beams, rail laying work in progress, production of a steel frame that exactly resembles the damaged one, progress in bush clearing and rail repair works along the railway, maintenance of Htonbo-PyinOoLwin-Nawnghkio-Goteik-Kyaukme railroad and removing of mines planted by terrorist insurgents along the railway, destruction of the railroad and its parts and accessories by insurgents, 3,832 rail-connectors, 17,188 bolts, 163,115 rail clips, that were stolen by terrorist insurgents, efforts to install new ones and conduct repairs in time and ongoing efforts to resume rail services.



Senior General Min Aung Hlaing inspects PyinOoLwin railway station.

In response, the Senior General pointed out the need to systematically repair the parts of Goteik bridge, blown up by terrorist insurgents, and take security measures, to make exact calculations for ensuring smooth and safe rail services along the railroad in conducting part-by-part restoration work, to lay rocks needed for the railroad in accord with the prescriptions, to examine the durability of the bridges along the rail line and carrying out necessary maintenance work, to conduct preparatory works for ensuring smooth and convenient rail services at the time the section is opened, to use coal-burn locomotives in PyinOoLwin-Goteik-Naungpain section to attract local and foreign tourists, to extend rail services during the coming Thadingyut holidays. He also looked into the other requirements.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing

See Page - 19 ■■

■■ From Page - 18

looked around the railway station and attended to the needs.

Then, the Senior General and his delegation visited the 6-storey upgraded new Thumingala Market (Nyantaw Market) construction project in PyinOoLwin, where Mandalay Region Chief Minister U Myo Aung provided a briefing. The Chief Minister reported on the project's progress, the implementation of previous state instructions, plans for shop and parking allocations, and arrangements for drainage. He also detailed the plan to install solar panels



Workers repairing the damaged part of Goteik railway bridge.



Workers repairing the damaged part of Goteik railway bridge.



Defused explosives and accessories.



Soldiers checking a deactivated ordnance.

for power generation to support the market's electricity needs and the ongoing efforts to ensure the project meets construction standards and is completed within the set timeframe.

Following the briefing, the Senior General explained that the new advanced market is intended to be a standard market that aligns with PyinOoLwin's increasing population and tourism, and to centralize the availability of local and basic consumer goods. He instructed them to monitor the work to ensure the market meets the standards suitable for urban development. Furthermore, he emphasized that once construction is complete, strict attention must be paid to the systematic arrangement of market stalls, prioritizing cleanliness, and ensuring proper water and electricity systems, before providing other necessary guidance.

Afterward, the Senior General inspected the progress of work inside the 6-storey upgraded new Thumingala Market (Nyantaw Market) construction project. It was reported that following the inspection, he provided necessary guidance to the responsible officials regarding the issues presented.

**100**

# Local farmers plant over 7,000 acres of sunflower in Sagaing Township

SAGAING October 2

According to Sagaing Township Agriculture Department, local farmers planted 7,045 acres of sunflower as monsoon crops in Sagaing Township of Sagaing Region this year.

Local authorities earmarked 12,366 acres of sunflower in the township this monsoon but farmers grew 7,045 acres of crops against the target cultivation.

"This year, during the 2025–2026 rainy season crop period in Sagaing Township, more than 10,000 acres of sunflower are planned for cultivation. So far, over 7,000 acres have already been planted, and cultivation is still continuing. Efforts are being made to meet the target acreage. To help reduce the country's reliance on imported palm oil, sunflower—a major oil crop is being expanded. The oil yield per acre from sunflower is higher than that of groundnut or sesame. Sunflower is cultivated only in the cold season," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

It is reported that to expand sunflower cultivation in Sagaing Township, the Township Department of Agriculture is intensifying educational training programs, both to strengthen departmental staff capacity and to increase the capacity of farmers who grow sunflower.

This year, farmers in Sagaing Township who are cultivating sunflower are being supported with seed supplies, access to Urea fertilizer at subsidized prices, and distribution of sunflower varieties through farmer-to-farmer exchange systems. **SK**

# Over 4,000 acres of croplands to be placed under black gram in Monywa District

MONYWA October 2

According to the statistics of Monywa District Agriculture Department, arrangements are being made to grow more than 4,000 acres of black gram in Monywa District of Sagaing Region in coming cold season.

In 2025-2026 cold season crop cultivation period, Monywa Township will cultivate 850 acres of black gram, Budalin Township 50 acres, Ayadaw Township 2,950 acres and ChaungU Township 840 acres, 4,680 acres.



"During the upcoming winter crop season this year, more than 4,000 acres of black gram are planned to be cultivated in Monywa District. Efforts will be made to fully meet the targeted acreage. During the black gram cultivation period, necessary technologies, quality seeds, and pest and disease control methods will be provided through field-level activities," said Daw San San Myint, Head of the Monywa District Agriculture Department.

The township agriculture departments in Monywa District are providing awareness programs for black gram farmers on using suitable and quality seed varieties, proper cultivation methods, pest and disease prevention, systematic use of fertilizers, and measures to achieve good yields.

During this year's monsoon crop season, township agriculture departments have also been cooperating with farmers in cultivating various pulses, supporting them with quality seeds, inputs, and post-harvest technologies to ensure better yield and quality. **SMK**

# Preparations for Putin's visit to India Underway - Kremlin

SOCHI October 2

Active preparations are underway for Russian President Vladimir Putin's visit to India, with substantive talks expected, Kremlin spokesman Dmitry Peskov said on Thursday.

"They will be in India. Indeed, we are preparing. It will happen before the New Year. Active preparations are underway, and we attach great importance to this. I believe our relations with India are special," Peskov told reporters.

"We attach great importance to our relations with India; they have a special friendly and strategic character," Peskov added.

According to Peskov, very substantive talks are expected.

**Sputnik**




# 17 injured as 5.0-magnitude earthquake shakes NW Türkiye

ISTANBUL October 2

At least 17 people were injured as an earthquake with a magnitude of 5.0 jolted the Sea of Marmara in northwestern Türkiye on Thursday, local authorities said.

The Turkish Disaster and Emergency Management Authority reported that the quake occurred at 2:55 p.m. local time (1155 GMT) and was centered off the coast of Marmar aereglisi in Tekirdag Province.

The tremor was also felt in Istanbul, Bursa, and Canakkale provinces, sending people rushing into the streets.

The Istanbul Governor's Office said in a statement that 17 people sustained injuries amid widespread panic in the city as residents evacuated buildings, and "12 citizens have contacted emergency services reporting panic attacks and fear, while five others have reported sprains related to panic."

The office has also received damage reports for four buildings. Noting that teams have been dispatched to the reported locations, it urged citizens to avoid potentially damaged structures and follow official announcements.

The Tekirdag Governor's Office said response teams immediately launched field inspections, and no adverse reports have been received by the Emergency Call Center.

The GFZ German Research Center for Geosciences measured the quake at a magnitude of 5.2 and later revised it to 5.0, while Türkiye's Kandilli Observatory and Earthquake Research Institute reported it at a magnitude of 5.3.

**Xinhua**

# Typhoon Bualoi leaves 49 dead in Vietnam



HANOI October 2

Typhoon Bualoi, the 10th storm to hit Vietnam this year, together with ensuing floods and landslides, has left 49 people dead, 16 missing and 153 others injured, with preliminary economic losses estimated at nearly 12.8 trillion Vietnamese dong (about 518 million U.S. dollars), local daily newspaper Nhan Dan (People) reported Thursday.

The typhoon destroyed 200 houses, damaged or unroofed more than 169,000 others, and submerged 64,800 homes, while inundating over 80,600 hectares of rice and other crops, and sweeping away more than 21,000 livestock and nearly 500,000 poultry.

The typhoon also damaged multiple types of public infrastructure, while over 7,500 roads were blocked by flooding and landslides, the report said.

Authorities are continuing efforts to assess the losses, restore essential services and assist affected residents, according to the report.

The Vietnam Fatherland Front (VFF) Central Committee had received 672 billion Vietnamese dong (about 27.2 million dollars) in donations by Thursday afternoon to support people affected by Typhoon Bualoi, local media VNExpress reported.

**Xinhua**

# Two Delta regional jets collide on taxiway at New York's LaGuardia Airport

NEW YORK October 2

Two Delta Air Lines regional jets collided while taxiing at New York's LaGuardia Airport on Wednesday evening, injuring one person.

A "low-speed collision" occurred on the taxiway between Endeavor Air Flight 5047, arriving from Charlotte, North Carolina, and Endeavor Flight 5155, which was scheduled to depart for Roanoke, Virginia, said Delta in a statement.

A flight attendant sustained a minor injury, and no passenger injuries were reported, according to the airline.

Preliminary information indicated that the departing aircraft's wing made contact with the fuselage of the arriving aircraft.

The Port Authority of New York stated that there was no impact on airport operations.

**Xinhua**

# Manchester synagogue incident a 'terror' attack – UK police

LONDON October 2

The attack on a synagogue in Crumpsall, Greater Manchester is being treated as terrorism, the UK police have confirmed.

A man rammed a car into worshippers and subsequently went on a stabbing spree outside a synagogue on Thursday morning, killing at least two people. Three other victims are said to be in serious condition.

"Based on what we know, counterterrorism policing has declared this is a terrorist incident," Laurence Taylor, the national head of counter-terrorism policing has said, according to Sky News. Two arrests have been made and the police believe they have established the attacker's identity, he added.

A member of the public called the police at 9.31am local time, saying he had witnessed a car being driven towards members of the public, and that one man had been stabbed, the police said in an earlier statement.

Footage shared on social media appears to show officers aiming their weapons at a person lying on the ground in front of the synagogue. They can be heard telling bystanders to "get back" and "move on." The video also appears to show an onlooker claiming the suspect "has got a bomb on him."

The individual on the ground is seen beginning to rise when a gunshot rings out, causing them to collapse. Police have confirmed the suspect was shot dead.

An image has been circulated on social media of a man thought to be the suspect, seemingly wearing a bulky vest with unidentifiable objects hanging from it.

A bomb disposal unit arrived at the scene, however, no explosives have yet been confirmed on site.

British Prime Minister Kier Starmer has announced that he has cut short his attendance at a summit in Denmark and that more police are being deployed at synagogues across the UK country.

**RT**

# Local ethnic people welcome and support Tatmadaw's retaking of Kyaukme town; relevant department organizations arrive in Kyaukme town with relief supplies to help reopen government's administrative mechanisms

NAY PYI TAW October 2

The Tatmadaw is conducting counter-terrorism operations in some temporarily terrorist-held towns, villages, and areas to enable the public to live in peace and for socio-economic development. Regarding the Tatmadaw's retaking of Kyaukme town, which was temporarily controlled by terrorists, on October 1, local ethnic people joyfully expressed their support and welcomed the Tatmadaw columns.

While the surrounding area of Kyaukme town was temporarily controlled by terrorists, local ethnic people had to abandon their homes and properties and flee. They faced human rights losses, and declines in economic, social, and health aspects, as well as education, and the horrors of battle. Therefore, they happily welcomed and accepted the Tatmadaw's complete retaking of the Kyaukme area. It is also learned that some local ethnic people who had been temporarily displaced are now returning to their homes.

Tatmadaw columns are continuing to carry out necessary security operations and mine clearance in the towns/villages to ensure that temporarily displaced local ethnic people in and around Kyaukme township can peacefully and happily search for livelihoods for their socio-economic lives, that the government's administrative mechanisms can resume, that they can return to live in their homes in their towns/villages, and to repair the office/department buildings, residential buildings, and religious, educational, and health buildings that were ruthlessly and indiscriminately burned and destroyed by terrorists during their temporary control, and to clear the towns/villages of the danger of land-mines cruelly laid by the terrorists.



Relevant department organizations arrive in Kyaukme town with relief supplies to help reopen the government's administrative mechanisms, welcomed by local residents.

Furthermore, relevant department organizations arrived in Kyaukme town today by motor vehicles with necessary relief supplies and food to provide needed assistance to the local people, to reopen government offices, to reopen schools, and to reopen hospitals for the healthcare of the public, which were joyfully welcomed by the local ethnic people.

It is also learned that as the local ethnic people have personally experienced the negative impacts of war, they only desire peace. They hope for the restoration of their healthcare rights, socio-economic development, and their children's right to education, as it was during the previous peaceful times. They stated that they will work together with the Tatmadaw to assist in the reconstruction efforts for Kyaukme town, which suffered destruction in various aspects due to terrorist acts.

Furthermore, it is reported that in Kyaukme town, the Tatmadaw and local people will collaboratively carry out, as quickly as possible, the repair work on the schools, hospitals/clinics, office/department buildings, religious buildings, and residential houses destroyed by the terrorists. It is also reported that Tatmadaw columns will continue to intensify the necessary security processes for the people to live in peace. **100**



Relevant department organizations arrive in Kyaukme town with relief supplies to help reopen the government's administrative mechanisms, welcomed by local residents.



Relevant department organizations arrive in Kyaukme town with relief supplies to help reopen the government's administrative mechanisms.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာသောဌာနဆိုင်ရာ အဖွဲ့အစည်းများကို ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။



အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းများ ကျောက်မဲမြို့သို့ ရောက်ရှိလာစဉ်။

**● ကျောဖုံးမှအဆက်**

ကျောက်မဲမြို့နယ် တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာ စည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က ကျောက်မဲဒေသတစ်ဝိုက်အား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာနေရပ်ထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ အားချင်းပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်းသိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကျောက်မဲမြို့နယ်နှင့်ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများအေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိနေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် ယနေ့တွင် ကျောက်မဲမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ကလေးငယ်များ၏ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန်မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ကျောက်မဲမြို့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်စာသင်ကျောင်းများ၊ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)





အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းများ ကျောက်မဲမြို့သို့ရောက်ရှိလာစဉ်။

## သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သရက်ခုံကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC)ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးက သဘာဝမြေဆွေး၊ မြေဩဇာပြုလုပ်နည်း၊ အသုံးပြုပုံများကို ဆွေးနွေးတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခတ်မြေဩဇာသွင်းအားစုများ၊ EM ဆေးရည်နှင့် သဘာဝမြေဩဇာများကို တောင်သူများထံပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး မြေပဲခွံ၊ EM၊ စွန့်ပစ်အမှိုက်များဖြင့် သဘာဝမြေဆွေးသရုပ်ပြပြုလုပ်ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ SMU ခန်းမ၌ ကျင်းပသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နေကြာမျိုးများကို တောင်သူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေး တက်ရောက် အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီညှိနှိုင်းအစည်းအဝေးတက်ရောက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ရွှေညောင်မြို့နှင့် ညောင်ရွှေဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ရွှေညောင်မြို့မှ ညောင်ရွှေမြို့သွားလမ်းဆိုတွင် မြေယာရှုခင်းများ၊ မော်တော်ဆိုင်ကယ်ယာဉ်များထားရှိရန် ပါကင်ဆောင်ရွက်မည့်နေရာ၊ မော်တော်ယာဉ်၊ သုံးဘီးယာဉ်ပါကင်ထားရှိမည့်နေရာနှင့် ညဈေးတန်းဆောင်ရွက်မည့်နေရာများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ရွှေညောင်-ညောင်ရွှေလမ်းပိုင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများကိုကဏ္ဍအလိုက်၊ အပိုင်းလိုက် စနစ်တကျတာဝန်ယူဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ကိန်းဝပ်စံပယ်တော်မူသည့် မူလရတနာစံကျောင်းဆောင်သို့ရောက်ရှိ၍ ရတနာစံကျောင်းတော်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ရုပ်ရှင်တော်မြတ်အား ပန်း၊ ရေချမ်း၊ ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းဆောင်များ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အောက်တိုဘာလ ၉ ရက်တွင် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသ(၂၁) ဌာနကြွချီပြီး မူလကျောင်းဆောင်သို့ ပြန်လည်ကြွဝင်မည့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## AI သရုပ်ဆောင်ကြောင့် ရုပ်ရှင်လောကသားများကြား လှုပ်လှုပ်ခတ်ခတ်ဖြစ်

ဉာဏ်ရည်တုနည်းပညာ (AI) နဲ့ဖန်တီးထားတဲ့ သရုပ်ဆောင်တစ်ဦးထွက်ပေါ်လာခြင်းကြောင့် အမေရိကန်ရုပ်ရှင်လောကသားများကြား လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားတယ်လို့ဆိုပါတယ်။

သူ့ရဲ့နာမည်ကိုတော့ တေလီနော်ဝုလို့ အမည်ပေးထားပါတယ်။ သူဟာနောင်တစ်ချိန်အတွက် စကားလက်ဂျိုဟန်ဆန်ဖြစ်တယ်လို့ သူ့ကိုဖန်တီးသူများကပြောပါတယ်။ ဒါပေမဲ့ ဟောလီးဝုမှ ရုပ်ရှင်အဖွဲ့သားများအတွက်ကတော့ အလွန်ကြီးမားတဲ့စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်လာပါတယ်။





တေလီနော်ဝုက ဇူးရစ်ရုပ်ရှင်ပွဲတော်နဲ့ ပတ်သက်တဲ့ ဇူးရစ်ထိပ်သီးဆွေးနွေးပွဲမှာ ပထမဆုံးအကြိမ်ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ တေလီနော်ဝုကိုဖန်တီးလိုက်သူက လန်ဒန်မြို့အခြေစိုက် ရုပ်ရှင်စတူဒီယိုတစ်ခုဖြစ်တဲ့ Particle6 ဖြစ်ပါတယ်။ သူ့မှာ အညိုရောင်မျက်စိများပါဝင်ပြီး စကားပြောရာမှာလည်း ဗြိတိန်လေယူလေသိမ်းနဲ့ပြောတာပါ။ ဒါ့အပြင် သူ့မှာကိုယ်ပိုင်လူမှုမီဒီယာတစ်ခုလည်းရှိပါသေးတယ်။

တချို့အနုပညာရှင်များက AI သရုပ်ဆောင်အပေါ် စိတ်ဝင်စားမှုရှိကြပေမယ့်လည်း ကျွမ်းကျင်သူများကတော့ စိုးရိမ်မှုများဖြစ်ပေါ်နေတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## ဟွန်ဒေးက Ioniq 5 EV များ၏ ဈေးနှုန်းကို သိသိသာသာလျှော့ချ



ဟွန်ဒေးကုမ္ပဏီက အမေရိကန်နိုင်ငံမှာ ရောင်းချနေတဲ့ Ioniq 5 အမျိုးအစား လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) များရဲ့ ဈေးနှုန်းကို သိသိသာသာလျှော့ချလာနေတာတွေ့ရပါတယ်။ အခြေခံဈေးနှုန်းကပင် ယူရို ၂၉၉၀၀ ဖြစ်တဲ့အထိ ဈေးနှုန်းများကို သိသာစွာလျှော့ချလိုက်တာပါ။

အခုလိုမျိုးဈေးလျှော့ပေးခြင်းကြောင့် တချို့အမျိုးအစား EV တွေဆိုရင် ယူရို ၈၄၀၀ အထိကိုသက်သာသွားပါတယ်။ ၂၀၂၆ မော်ဒယ်ဖြစ်တဲ့ Ioniq 5 RWD ကားတောင်မှ ၂၀၂၅ မော်ဒယ်ရဲ့ အခြေခံဈေးနှုန်းဖြစ်တဲ့ ယူရို ၃၆၄၀၀ ထက် ယူရို ၆၅၀၀ ပိုပြီးသက်သာနေပါတယ်။ ခရီးဝေးပိုသွားနိုင်တဲ့ SE နဲ့ SEL အမျိုးအစားတို့ဆိုရင် အခြေခံဈေးနှုန်းက ယူရို ၃၄၀၀၀ သာရှိပါတော့တယ်။ လမ်းကြမ်းသုံးအမျိုးအစားဖြစ်တဲ့ XRT ဆိုရင် လျှော့ဈေးအနေနဲ့ ၇၈၇၄ ယူရိုသက်သာသွားမှာဖြစ်ပါတယ်။

အခုလိုမျိုးဈေးလျှော့ပေးနိုင်ခြင်းဟာ ဟွန်ဒေးကုမ္ပဏီအနေနဲ့ ဂျော်ဂျီယာပြည်နယ်မှာ ထုတ်လုပ်ရေးစက်ရုံဆောက်လုပ်ထားတာကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ အမေရိကန်ပြည်တွင်းမှာ ဒီလိုစက်ရုံကို ဆောက်လုပ်ထားနိုင်တာကြောင့် ပြည်ပမှတင်သွင်းမှုအတွက် ပေးရတဲ့အခွန်အခများသက်သာသွားပါတယ်။ အဲဒီလိုသက်သာမှုက ပြည်တွင်းရှိမော်တော်ကားဝယ်ယူသူများကိုလည်း သက်သာသွားစေတာဖြစ်ပါတယ်။ အခုဆိုရင် Ioniq 5 အမျိုးအစားကားဟာ ပြီးခဲ့တဲ့နှစ်တတိယသုံးလပတ်ကထက် ကားအစီးရေ ၉၀ ရာခိုင်နှုန်းပိုရောင်းထားရပါတယ်။ **Ref: IE**

**ကိုထက်**

## ကတ္တရာလမ်းများရဲ့အခြေအနေကို စောင့်ကြည့်သတင်းပို့ပေးမယ့် စမတ်အထည်စ



သိပ္ပံပညာရှင်များက ကတ္တရာလမ်းများရဲ့အခြေအနေအရပ်ရပ်ကို အချိန်နဲ့တစ်ပြေးညီစောင့်ကြည့်ပြီးသတင်းပို့မယ့် အာရုံခံကိရိယာများပါ စမတ်အထည်များကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ သူတို့ရဲ့ဖန်တီးမှုက ကတ္တရာလမ်းများရဲ့ဘယ်နေရာမှာ ပျက်စီးမှုဖြစ်နေတယ်ဆိုတာကို သတင်းပေးပို့နိုင်မယ့်စနစ်ဖြစ်တာကြောင့် ကတ္တရာလမ်းများပျက်စီးမှုကို အချိန်တိုအတွင်းနဲ့ ကုန်ကျစရိတ်အနည်းဆုံးအပြင် ယာဉ်မောင်းများကိုလည်း ဘယ်လိုအဟန့်အတားမျှမဖြစ်ပေါ်စေဘဲ ပြင်ဆင်မှုများလုပ်ဆောင်နိုင်စေမှာဖြစ်ပါတယ်။

ဂျာမနီနိုင်ငံရှိ သုတေသနဌာနတစ်ခုက ဒီလိုမျိုးဒီဇိုင်းကို ဖန်တီးလိုက်တာဖြစ်ပါတယ်။ ဒီဖန်တီးမှုမှာ ဇီဝအခြေခံအထည်ကို လျှပ်စစ်ကူးနိုင်တဲ့အာရုံခံဝိုင်ယာကြိုးများနဲ့ တွဲဆက်ထားတာဖြစ်ပါတယ်။ ဒါ့အပြင်အဲဒီအထည်ကို ကတ္တရာလမ်းခင်းချိန်မှာ တစ်ပါတည်းထည့်ပြီးခင်းနိုင်ပါသေးတယ်။

ကတ္တရာလမ်းမှာ အပျက်အစီးတွေဖြစ်တဲ့အခါအဲဒီပြောင်းလဲမှုတွေက စမတ်အထည်ရဲ့ လျှပ်စစ်ခုခံအားအပေါ်ကို သက်ရောက်စေတာဖြစ်ပါတယ်။**Ref: IE**

**ကိုထက်**

## ရှောင်းမီ၏လျှပ်စစ်ကားကိုမှာယူပါက တစ်နှစ်ခန့်စောင့်ရတော့မည်

တရုတ်နိုင်ငံမှ တက်သစ်စလျှပ်စစ်ကားထုတ်လုပ်မှုကုမ္ပဏီဖြစ်တဲ့ရှောင်းမီကုမ္ပဏီဆီကနေ အခုချိန်မော်တော်ကားတစ်စီးမှာယူမယ်ဆိုရင် အချိန်ကာလအားဖြင့် တစ်နှစ်ခန့်စောင့်ရတော့မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလတစ်လအတွင်းမှာပဲ ရှောင်းမီကတင်ပို့ရတဲ့ လျှပ်စစ်စွမ်းအင်သုံးကားအရေအတွက်က အစီးရေ ၄၀၀၀၀ ကျော်ရှိပါတယ်။ အခုလိုတင်ပို့နိုင်ခြင်းဟာ ရှောင်းမီအပေါ်ဝေဖန်နေသူတွေက မှားယွင်းကြောင်း သက်သေပြသလိုက်တာဖြစ်ပါတယ်။

ဝယ်ယူသူအများစုက ရှောင်းမီရဲ့ပထမဆုံး လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) အမျိုးအစားနှစ်မျိုးကိုမှာယူလာကြတာပါ။ မှာယူမှုများပြားလှတဲ့အတွက် ရှောင်းမီကုမ္ပဏီကအခက်အခဲတချို့ကို ရင်ဆိုင်လာရပါတယ်။ အဲဒါကတော့ အမှာစာအသစ်တွေကို ထပ်မံလက်ခံမယ်ဆိုရင် ဝယ်ယူသူတွေအနေနဲ့ အချိန်ကာလအားဖြင့် တစ်နှစ်နီးပါးလောက်စောင့်ဆိုင်းရမယ့်အခက်အခဲဖြစ်ပါတယ်။

ရှောင်းမီကုမ္ပဏီက အခုလိုအောင်မြင်မှုကို ရရှိလာတာဟာ ၂၀၂၄ ခုနှစ် မတ်လ ၂၈ ရက်မှာ မိတ်ဆက်လိုက်တဲ့ SU7 အမျိုးအစားနဲ့ စတင်လာတယ်လို့ ဆိုရမှာပါ။ ကျစ်လျစ်ကြော့ရှင်းတဲ့ပုံစံနဲ့ SU7 ဟာတက်စလာရဲ့ Model 3 အမျိုးအစားနဲ့ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ EV တစ်စီးဖြစ်ရုံသာမက ဈေးနှုန်းပိုင်းမှာလည်း တက်စလာထက်နည်းပါးပါသေးတယ်။

**Ref: IE၊ ကိုထက်**



## တန်ချိန် ၃၂၅၀၀၀ ရှိတဲ့ကုန်တင်သင်္ဘောကိုပင်ခုတ်မောင်းနိုင်မယ့် လေစွမ်းအင်သုံးအင်ဂျင်



လေစွမ်းအင်သုံးအင်ဂျင်များက တန်ချိန်အလွန်များပြားတဲ့ကုန်တင်သင်္ဘောများကို ခုတ်မောင်းနိုင်စေမယ်ဆိုတာ တစ်ချိန်တုန်းက သံသယရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒီသံသယတွေကင်းရှင်းသွားပါပြီ။ အကြောင်းရင်းက ဗြိတိန်နိုင်ငံရှိ လေစွမ်းအင်သုံးအင်ဂျင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက တန်ချိန် ၃၂၅၀၀၀ အထိရှိတဲ့ ဧရာမကုန်တင်သင်္ဘောကြီးမှာ လေစွမ်းအင်သုံးအင်ဂျင်များကို တပ်ဆင်လိုက်နိုင်လို့ဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံအခြေစိုက် အန်နီမိုအီမရိန်းနည်းပညာကုမ္ပဏီက သတ္တုရိုင်းများကို သယ်ယူပို့ဆောင်တဲ့ ဒီသင်္ဘောကြီးမှာ လေစွမ်းအင်သုံးရွက်တိုင်လေးခုကို တပ်ဆင်လိုက်တာဖြစ်ပါတယ်။ အဲဒီရွက်တိုင်တစ်ခုစီက အလျား ၁၁၄ ပေနဲ့ အချင်း ၁၆ ပေရှိပါတယ်။ သူ့ကို သင်္ဘောကုန်းပတ်ပေါ်တိုက်ရိုက်တင်ဆောင်ပြီး တပ်ဆင်မှုက အချိန်နှစ်ရက်သာကြာမြင့်ပါတယ်။ စမ်းသပ်မှုနဲ့အသုံးပြုမှုအတွက်ကတော့ အချိန်ငါးရက်ကြာပါတယ်။ ဒါကြောင့် သီတင်းပတ်တစ်ပတ်အတွင်းမှာပင် လေစွမ်းအင်သုံးအင်ဂျင်များကို တပ်ဆင်ပြီးစီးအသုံးပြုနိုင်တာ ဖြစ်ပါတယ်။ဒီနည်းလမ်းဟာ ကာဗွန်ထုတ်လွှတ်မှုအများဆုံးဖြစ်တဲ့ ကုန်တင်သင်္ဘောများအတွက် အကျိုးရှိစေမယ့်နည်းဖြစ်ပါတယ်။

**Ref: IE၊ ကိုထက်**

# အမေရိကန်အစိုးရအဖွဲ့ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းနှင့်အတူ ဒေါ်လာတန်ဖိုး ထိုးကျသွား

ဝါရှင်တန်၊ စီးပွားရေး

အမေရိကန်အစိုးရအဖွဲ့ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းနှင့်အတူ အမေရိကန်ဒေါ်လာတန်ဖိုးလည်း လိုက်ပါထိုးကျသွားကြောင်း၊ ယင်းသို့ထိုးကျမှုသည် သီတင်းပတ်တစ်ပတ်အတွင်း အနိမ့်ဆုံးရောက်ရှိခြင်းဖြစ်ကြောင်းသိရသည်။

အောက်တိုဘာလ ၂ ရက် နံနက်တွင် ဒေါ်လာအညွှန်းကိန်းသည် သုည ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ထိုသို့ကျဆင်းမှုသည် သိသာသောကျဆင်းမှုဖြစ်ကြောင်း ဈေးကွက်လေ့လာသူများကပြောသည်။

အထူးသဖြင့် အမေရိကန်အစိုးရအဖွဲ့ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းသည် အချိန်မည်မျှကြာမည်ကို ခန့်မှန်းနိုင်ခြင်းမရှိသောကြောင့် ကုန်သည်များက အမေရိကန်ဒေါ်လာအပေါ် ယုံကြည်မှုနည်းလာသည့်အတွက် ဒေါ်လာဈေးကျဆင်းလာခြင်းဖြစ်သည်ဟု ဈေးကွက်လေ့လာသူများကပြောထားသည်။

အမေရိကန်အထက်လွှတ်တော်၌ အစိုးရ၏အသုံးစရိတ်နှင့်ပတ်သက်၍ အတည်ပြုချက်ရယူနိုင်ခြင်းမရှိသောကြောင့် အစိုးရအဖွဲ့၏လုပ်ငန်းလည်ပတ်မှုသည် အောက်တိုဘာလ ၁ ရက်တွင် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Ref: AGC

# ဂါဇာသို့ဦးတည်လာသည့် ထောက်ပံ့ရေးရေယာဉ်များကို အစ္စရေးကကြားဖြတ်ဟန့်တား



ဂျေရုဆလင်၊ စစ်ရေး

ဂါဇာသို့ဦးတည်လာသည့် ထောက်ပံ့ရေးရေယာဉ်များကို အစ္စရေးရေတပ်ကကြားဖြတ်ဟန့်တားဖမ်းဆီးမှုများလုပ်ဆောင်ကြောင်းသိရသည်။ Global Sumud Flotilla အမည်ရှိ ရေယာဉ်စုသည် ဂါဇာကမ်းရိုးတန်းအနီးသို့ချဉ်းကပ်လာချိန်တွင် မြေထဲပင်လယ်၌ ကြားဖြတ်ဟန့်တားမှုခံရခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာလ ၁ ရက်ညပိုင်းတွင် ထုတ်ပြန်ထားသည်။

အဆိုပါထောက်ပံ့ရေးရေယာဉ်များ၌ ပါလာသော ထောက်ပံ့ရေးပစ္စည်းများကို ဂါဇာသို့ငြိမ်းချမ်းစွာရောက်ရှိအောင် ပေးပို့နိုင်စေမည့် လမ်းကြောင်းတစ်ခုကိုပေးခဲ့ကြောင်း၊ သို့သော် ထိုရေယာဉ်များသည် ထောက်ပံ့ရေးကိစ္စရပ်များအပေါ် စိတ်ဝင်စားခြင်းမရှိကြောင်းနှင့် တားမြစ်ချက်များကိုသာချိုးဖောက်ရန် လုပ်ဆောင်လာခြင်းဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အတူ အစ္စရေးရေတပ်သည် ထိုရေယာဉ်စုဆီသို့ရောက်ရှိစဉ် ယင်းရေယာဉ်စုအနေဖြင့် တိုက်ပွဲနယ်မြေသို့ဦးတည်၍ လာနေကြောင်းနှင့်ပိတ်ဆို့ထားသည့်နေရာကိုဥပဒေမဲ့ချိုးဖောက်ဝင်ရောက်လာနေကြောင်း အသိပေးခဲ့သည်ဟု ထိုထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုရေယာဉ်စုတွင် အရပ်ဘက်ရေယာဉ် အစင်း ၅၀ ဝန်းကျင်နှင့် နိုင်ငံပေါင်း ၄၀ ကျော်မှ ပရဟိတသမားအယောက် ၅၀၀ ကျော်ပါဝင်ကြောင်း၊ ၎င်းတို့သည် အစ္စရေးကတားမြစ်ထားသော ရေလမ်းကြောင်းဆီသို့ ဦးတည်လာကာ ပါလက်စတိုင်းပြည်သူများထံသို့ အစားအစာနှင့်ဆေးဝါးများ ပေးပို့ရန် ကြိုးစားခြင်းဖြစ်ကြောင်း အဆိုပါရေယာဉ်စုက ထုတ်ပြန်ထားသည်။

ရေယာဉ်စုနှင့်အတူ သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူ ဂရီတာသန်းဘာ့ အပါအဝင် ပါလက်စတိုင်းကိုလိုလားသူ တက်ကြွလှုပ်ရှားသူများလိုက်ပါလာပြီး အစ္စရေးရေတပ်က အဆိုပါတက်ကြွလှုပ်ရှားသူများကို ဥရောပသို့ပြည်နှင်ဒဏ်ပေးရန်စီစဉ်ထားကြောင်း တာဝန်ရှိသူများကပြောသည်ဟုသိရသည်။ Ref: Xinhua, AGC

# ဥရောပဒေသရှိ ခေါင်းဆောင်များက ရုရှားနိုင်ငံနှင့် စစ်ဖြစ်လိုနေသည်ဟု ဗစ်တာအော်ဘန်ပြော

ဘူဒါပက်၊ နိုင်ငံရေး

ဥရောပဒေသရှိခေါင်းဆောင်များသည် ရုရှားနိုင်ငံနှင့် စစ်ဖြစ်လိုနေသည်ဟု ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်ဗစ်တာအော်ဘန်က အောက်တိုဘာလ ၂ ရက်တွင်ပြောသည်။ ထို့ပြင် စစ်ပွဲဆင်နွှဲရန်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း ယူကရိန်းနိုင်ငံအပေါ် အနောက်အုပ်စု၏ သဘောထားနှင့်ပတ်သက်၍ ဝေဖန်လာသူ ဗစ်တာအော်ဘန်က လူမှုကွန်ရက်တွင်ရေးထားသည်။

ထို့ပြင် ဥရောပဒေသမှခေါင်းဆောင်များသည် ဥရောပနိုင်ငံ၏ရန်ပုံငွေများကို ယူကရိန်းသို့ လွှဲပြောင်းပေးလိုကြောင်း၊ အထူးသဖြင့် ယူကရိန်းနိုင်ငံသို့ လက်နက်ခဲယမ်းများပို့ဆောင်ပေးနိုင်ရေးအတွက် ငွေကြေးထောက်ပံ့မှုများပေးလိုကြောင်း၊ ထိုအခြေအနေများကိုကြည့်ခြင်းအားဖြင့် ၎င်းတို့သည် ရုရှားနှင့်စစ်ဖြစ်ရန်ကြိုတင်ပြင်ဆင်နေသည်ဟုဆိုနိုင်ခြင်းဖြစ်ကြောင်း အော်ဘန်ကဆက်ပြောသည်။

ယူကရိန်းနိုင်ငံနှင့် ဥရောပဒေသမှနိုင်ငံများသည် လက်ရှိဖြစ်ပွားနေသောတင်းမာမှုများကို ပိုမိုမြင့်မားလာစေရန် ရန်စကျူးကျော်မှုများကိုလုပ်ဆောင်လာနေခြင်းဖြစ်ကြောင်း ရုရှားအစိုးရက ပြောထားသည်။ Ref: Xinhua

# ရုရှားက ယူကရိန်းနှင့် အကျဉ်းသားများထပ်မံလဲလှယ် တစ်ဖက်လျှင် စစ်သည် ၁၈၅ ဦးစီပါဝင်

မော်စကို၊ နိုင်ငံရေး

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ကြားအကျဉ်းသားလဲလှယ်မှု ထပ်မံလုပ်ဆောင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂ ရက်တွင်ထုတ်ပြန်ထားသည်။ အဆိုပါအကျဉ်းသားလဲလှယ်မှုတွင် တစ်ဖက်လျှင် စစ်သည် ၁၈၅ ဦးစီပါဝင်ကြောင်းနှင့် ယူကရိန်းဘက်က အရပ်သားအယောက် ၂၀ ကိုပါလွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ လက်ရှိတွင် စစ်သည်များနှင့် အရပ်သားများအားလုံးသည် ဘယ်လာရုစ်နိုင်ငံ၌ ဆေးစစ်မှုကိုခံယူနေကြောင်းသိရသည်။

အဆိုပါနှစ်နိုင်ငံမှ တာဝန်ရှိသူများက အစ္စတန်ဘူမြို့၌ ဇူလိုင်လ ၂၃ ရက်တွင် ရရှိခဲ့သော သဘောတူညီချက်များနှင့်အညီ ယခုကဲ့သို့ အကျဉ်းသားလဲလှယ်မှုများကိုလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများကပြောသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့မှတာဝန်ရှိသူများသည် ယခုနှစ်အတွင်း တူရကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ သုံးကြိမ်တိုင်တိုင်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် နှစ်နိုင်ငံကြား အကျဉ်းသားလဲလှယ်မှုများကို အကြိမ်ကြိမ်လုပ်ဆောင်ထားသည်။

အဆိုပါသဘောတူညီချက်အရ ရုရှားနှင့်ယူကရိန်းနိုင်ငံတို့သည် စစ်မြေပြင်၌ သေဆုံးသူများ၏ရုပ်အလောင်းများကိုပါ လဲလှယ်မှုလုပ်ဆောင်ထားကြောင်း၊ မကြာသေးမီကဆောင်ရွက်သည့် သေဆုံးသူများ၏ရုပ်အလောင်းများ နောက်ဆုံးလဲလှယ်မှုတွင် ကျဆုံးယူကရိန်းစစ်သည် ၁၀၀၀ ၏ ရုပ်အလောင်းများကို ရုရှားကပြန်ပေးနိုင်ခဲ့ပြီး ယူကရိန်းဘက်က ကျဆုံးရုရှားစစ်သည် ၂၄ ဦး၏အလောင်းကိုသာ ပြန်ပေးခဲ့ကြောင်း၊ ယခုကဲ့သို့အကျဉ်းသားများနှင့် ရုပ်အလောင်းများလဲလှယ်မှုက နှစ်နိုင်ငံကြားအပြုသဘောဆောင်ကြောင်း ရုရှားအစိုးရကပြောသည်။ Ref: RT



# အီလွန်မက်က အမေရိကန်ဒေါ်လာဘီလီယံ ၅၀၀ ပိုင်ဆိုင်သည့် ပထမဆုံးလူပုဂ္ဂိုလ်ဖြစ်လာ



နယူးယောက်၊ စီးပွားရေး

တက်စလာကုမ္ပဏီနှင့် SpaceX ကုမ္ပဏီတို့၏အမှုဆောင်ချုပ် အီလွန်မက်သည် ကမ္ဘာပေါ်တွင်အမေရိကန်ဒေါ်လာဘီလီယံ ၅၀၀ ကိုပိုင်ဆိုင်သည့် ပထမဆုံးလူပုဂ္ဂိုလ်ဖြစ်လာကြောင်း Forbes ဂျာနယ်က ဖော်ပြထားသည်။

အီလွန်မက်၏ပိုင်ဆိုင်မှုများတိုးမြင့်လာခြင်းသည် မကြာသေးမီက တက်စလာ၏ရှယ်ယာများမြင့်တက်လာမှုနှင့် ကုမ္ပဏီများ၏တန်ဖိုးမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ဂျာနယ်တွင်ဆက်လက်ဖော်ပြထားသည်။

အောက်တိုဘာလ ၁ ရက်တွင် တက်စလာ၏ရှယ်ယာသည် ၄ ရာခိုင်နှုန်းနီးပါးမြင့်တက်လာခြင်းကြောင့် အီလွန်မက်၏ပိုင်ဆိုင်မှုတွင် ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံ တိုးလာသည်။ အလားတူ တက်စလာ၌ အီလွန်မက်ပိုင်ဆိုင်သော ရှယ်ယာ ၁၂ ရာခိုင်နှုန်းသည် ဒေါ်လာ ၁၉၁ ဘီလီယံ တန်ဖိုးရှိကြောင်း Forbes ၏ ဘီလျံနာစာရင်း၌ဖော်ပြထားသည်။ Ref: RT

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွင်း ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားမြှင့်တင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသ ကြီးရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ရှိ Synthetics မီတာ ၄၀၀ ပြေး လမ်းပါ ဘောလုံးကွင်းတည်ဆောက်ပြီးစီးမှု နှင့် Synthetics မီတာ ၄၀၀ ပြေးလမ်းအခြေ အနေကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များ အမြန်ဆုံးပြုပြင် နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade – 10၊ Grade – 11၊ Grade – 12 ကျောင်း သား၊ ကျောင်းသူများ အောက်တိုဘာလ နှစ်ဝက်ဆိုးစာမေးပွဲ Chemistry ဘာသာ ရပ်ဖြေဆိုနေမှုကိုကြည့်ရှု၍ စာမေးပွဲ ဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်း သူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ရှိ သင်တန်းသား၊ သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက် ပေးလျက်ရှိသည့် ဆေးပေးခန်းများနှင့် သင်တန်းသား၊ သင်တန်းသူများ နေ့လယ်စာ စားသောက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ အားကစားပစ္စည်း များနှင့် လိုအပ်သည်များကို ထောက်ပံ့ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ Hotel Hazel အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားလုပ်ငန်း များ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်ဒေသများအလိုက် ခရီးသွား ဆွဲဆောင်ရာနေရာများကို ရေရှည်တည်တံ့ အောင်ထိန်းသိမ်းခြင်း၊ ခရီးစဉ်နေရာအသစ် ဖော်ထုတ်ခြင်းများဆောင်ရွက်ပြီး ခရီးစဉ် အသစ်များ ရေးဆွဲဆောင်ရွက်သွားရန်နှင့် ခရီးစဉ်ဒေသအချင်းချင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြားချိတ်ဆက်ကာ ခရီးစဉ် လမ်းကြောင်းအသစ်များ ဖော်ထုတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့ဒေသရှိ ခရီးစဉ်ဆွဲဆောင်ရာနေရာ များနှင့်ပတ်သက်သည့် သတင်းအချက် အလက်များကို ခရီးသွားများသိရှိစေရေး ဆောင်ရွက်ရန်နှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ က မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွား လုပ်ငန်းများ မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက် လျက်ရှိသော POSCO International Corporation(Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ (A–1/A–3)တွင် Shwe Phase 4 Development Drilling Campaign လုပ်ငန်းများအား Rig ''Bluewhale–1'' ဖြင့် ဆောင်ရွက်သွားမည့် ဧရိယာအကျယ် အဝန်းကို ဖော်ပြသည့် Coordinate များဖြစ်သော Point MHD–A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၆ ဒသမ ၅၇ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၅၃ ဒသမ ၇၁ စက္ကန့်၊ Point MHD–B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၈ ဒသမ ၈၁ စက္ကန့်၊ အရှေ့လောင် ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၅၃ ဒသမ ၇၁ စက္ကန့်၊ Point MSD–A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၉ ဒသမ ၃၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၈ မိနစ် ၃၃ ဒသမ ၈၇ စက္ကန့်နှင့် SHD–Q မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၇ မိနစ် ၄၇ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၂ ဒသမ ၅ စက္ကန့်တို့အတွင်း တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ (A–1/A–3)တွင် Shwe Phase 4 Development Drilling Campaign လုပ်ငန်းများအား Rig "Bluewhale–1"တွင်းတူးစက်ဖြင့် လုပ်ငန်းများဆောင်ရွက် နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ် ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ် ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ချောင်းဆုံမြို့နယ်၌ အလွတ်တန်းဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ချောင်းဆုံ အောက်တိုဘာ ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ထူးချွန်သည့် မျိုးဆက်သစ်အားကစား သမားကောင်းများ ပေါ်ထွန်းလာစေရေး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်အား ကစားနှင့်ကာယပညာဦးစီးဌာနနှင့်မြို့နယ် ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပ သော အလွတ်တန်းဖိတ်ခေါ်ဖလား အမျိုး သားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို အောက် တိုဘာလ ၁ ရက်က မြို့နယ်မီတာ ၄၀၀ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင် ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကာ ပထမနေ့ပွဲစဉ်အဖြစ် Younger Boy အသင်းနှင့် Aung Kyal Zin အသင်းတို့ စတင်ယှဉ်ပြိုင်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက ဘောလုံးကန်၍ ဖွင့် လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကာ အောက်တိုဘာလ ၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကို အောက် တိုဘာလ ၂၅ ရက်တွင် ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## သီတင်းကျွတ်ကာလရုံးပိတ်ရက်များတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဟိုတယ် မိုတယ်နှင့် တည်းခိုရိပ်သာများ၌ အခန်းကြိုတင်မှာယူမှုများဖြင့်ပြည့်နေ



**ညောင်ဦး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ သို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူး များအနေဖြင့် သီတင်းကျွတ်ကာလ ရုံးပိတ်ရက်များတွင် ဘုရားဖူးလာရောက် ကြရန် အောက်တိုဘာလ ၃ ရက်မှစ၍ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများ ၌ အခန်းကြိုတင်မှာယူမှုများဖြင့် ပြည့်နေ ပြီဖြစ်ကြောင်း သိရသည်။

နှစ်စဉ် သီတင်းကျွတ်ကာလ ရုံးပိတ် ရက်များတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွား လာရောက်သူ များပြားလျက်ရှိကြောင်း နှင့် လာရောက်မည့်သူများသည် စက် တင်ဘာလ ဒုတိယပတ်ကတည်းက ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများ သို့ အွန်လိုင်းမှတစ်ဆင့် ကြိုတင်ချိတ် ဆက်ထားပြီးဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ကာလရုံးပိတ်ရက်များ တွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ တစ်ရက်လျှင် ဘုရားဖူးလာရောက်သူ ဦးရေ တစ်သိန်းမှ တစ်သိန်းခွဲအထိရှိပြီး နေ့ချင်းပြန်လာရောက်သူ ပိုမိုများပြား ကြောင်း၊ လာရောက်သူများသည် ပုဂံ ယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ သမိုင်းဝင် အထင်ကရဘုရားများအား ဖူးမြော်ခြင်း၊ နံရံဆေးရေးပန်းချီများကိုလေ့လာခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်း၊ လက်ဆွဲပန်းချီ ရေးဆွဲခြင်း၊ မြင်းလှည်းစီးခြင်း၊ E–Bike အဖွဲ့လိုက်ငှားစီးခြင်းများ ပြုလုပ်ကြ ကြောင်း သိရသည်။

**ဒီပါလင်း**

## ၂-၁၀-၂၀၂၅ မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စစ်တွေ | ၃ | ဒသမ | ၇၉ | လက်မ | ရန်ကုန် (ဗိုလ်တထောင်မြို့နယ်) | ၁ | ဒသမ | ၅၄ | လက်မ |
| ကလေးဝ | ၂ | ဒသမ | ၉၉ | လက်မ | ပဲခူး | ၁ | ဒသမ | ၄၆ | လက်မ |
| မိုးညှင်း | ၁ | ဒသမ | ၈၁ | လက်မ | လှည်းကူး | ၁ | ဒသမ | ၄၂ | လက်မ |
| ညောင်ဦး | ၁ | ဒသမ | ၆၁ | လက်မ | ဟုမ္မလင်း | ၁ | ဒသမ | ၂၂ | လက်မ |
| ရန်ကုန် (ကမ္ဘာအေး) | ၁ | ဒသမ | ၅၄ | လက်မ | ညောင်တုန်း | ၁ | ဒသမ | ၁၅ | လက်မ |

# ရွှေဘိုမြို့၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ အသိတရားကင်းမဲ့စွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်နေသည့် သာမဏေကိုရင် (၃) ပါး ပျံလွန်တော်မူ၍ သာမဏေကိုရင် (၈) ပါး ထိခိုက်ဒဏ်ရာများရရှိ






ရွှေဘိုမြို့၊ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့မှပစ်ခတ်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂

PDF အမည်ခံအစွန်းရောက်အကြမ်းဖက်သမားများသည် သာသနာတော်အကျိုးသယ်ပိုးလျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များအား လူမဆန်စွာ ဖောက်ခွဲရေးပစ္စည်းကိရိယာများအသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှပစ်ခတ်ဖောက်ခွဲခြင်းများ၊ အကြောင်းမဲ့ဖမ်းဆီး သတ်ဖြတ်ခြင်းများအား ယုတ်မာရိုင်းစိုင်း၍ အသိတရားကင်းမဲ့စွာကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ ချီပါ(တောင်)ရွာအနီးမှ PDF အမည်ခံအကြမ်းဖက်သမားများသည် သာသနာတော်အကျိုးသယ်ပိုးလျက်ရှိသော သံဃာတော်များ သီတင်းသုံးနေထိုင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ယုတ်မာရိုင်းစိုင်းစွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သောကြောင့် အောင်မြေဘုန်းတော်ကြီးကျောင်းဝင်းရှိ ချမ်းမြေ့ကျောင်းတိုက်အတွင်းသို့ ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၊ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့မှပစ်ခတ်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲသည့် နေရာပြပုံ။




အဆိုပါရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းတော်ကြီးကျောင်းမှ စာသင်စာချပြုလုပ်နေသည့် သက်တော် ၁၂ နှစ်နှင့် ၁၃ နှစ်အရွယ် သာမဏေကိုရင် ၃ ပါး ပျံလွန်တော်မူခဲ့ပြီး ကိုရင် ၈ ပါး ဗုံးစထိမှန်ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပျံလွန်တော်မူ၊ ဒဏ်ရာရရှိခဲ့သည့် ကိုရင်ငယ်များအား ရွှေဘိုမြို့၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် သာသနိကအဆောက်အအုံနေရာသို့ အသိတရားကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)









ရွှေဘိုမြို့၊ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့မှပစ်ခတ်သည့် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် သာမဏေကိုရင် ၃ ပါး ပျံလွန်တော်မူ၍ သာမဏေကိုရင် ၈ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့မှုကို တွေ့ရစဉ်။

## အင်္ဂလန်အသင်းတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်ရရှိ



လန်ဒန် အောက်တိုဘာ ၂

အင်္ဂလန်အသင်းတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကွင်းလယ်ကစားသမားဘယ်လင်ဟမ်ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဘယ်လင်ဟမ်သည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် အင်္ဂလန်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိနိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ယခင်အင်္ဂလန်အသင်းယာယီနည်းပြ လီကာစလေနှင့် လက်ရှိနည်းပြ တူချယ်တို့လက်အောက်တွင် ရှစ်ပွဲကစားခဲ့ရာ တစ်ဂိုးသွင်းယူနိုင်ပြီး နေရှင်းလိဂ်တွင် တန်းတက်နိုင်စေရန် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

အဆိုပါတစ်နှစ်တာအကောင်းဆုံးဆုကို ပရိသတ်များ၏ မဲပေးရွေးချယ်မှုဖြင့် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဘယ်လင်ဟမ်အနေဖြင့် ဒီကလန်ရိုက်စ်နှင့် ဟယ်ရီကိန်းတို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၁ ရက်က ဂရိအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် နေရှင်းလိဂ်ပွဲစဉ်၌ ဂိုးသွင်းယူနိုင်သကဲ့သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်က အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် နေရှင်းလိဂ်ပွဲစဉ်တွင်လည်း ဂိုးဖန်တီးမှုနှစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်က အယ်ဘေးနီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်၌ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သော်လည်း ဇူလိုင်လက ပခုံးဒဏ်ရာ ခွဲစိတ်ကုသမှုပြုလုပ်ပြီးနောက် စက်တင်ဘာလတွင် ပြန်လည်ကစားနိုင်ခဲ့သည်။

ဘယ်လင်ဟမ်သည် အောက်တိုဘာလ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဝေးလ်အသင်းနှင့် ခြေစမ်းပွဲစဉ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် လတ်ဗီးယားအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တို့တွင် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားနိုင်ဖွယ်ရှိသည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် အင်္ဂလန်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု ရရှိသည့် ရီးယဲလ်မက်ဒရစ်အသင်းကစားသမား ဘယ်လင်ဟမ်သည် ၂၀၀၆ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်နောက်ပိုင်း အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့သည့် အင်္ဂလန် ပြင်ပကလပ်အသင်းတွင် ကစားနေသော ဒုတိယမြောက်ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

*Ref; Fotmob*

## သွင်းဂိုး ၂၀၀ ပြည့်သည့် အက်သလက်တီကိုအသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းကို နည်းပြ ဆီမြွန်နီ ချီးကျူး

မက်ဒရစ် အောက်တိုဘာ ၂

အက်သလက်တီကိုအသင်းနည်းပြ ဆီမြွန်နီက သွင်းဂိုး ၂၀၀ ပြည့်သည့် တိုက်စစ်မှူးဂရစ်ဇ်မန်းကို ချီးကျူးပြောကြားခဲ့ကြောင်း သိရသည်။

အက်သလက်တီကိုအသင်းသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်(၂)တွင် ဂျာမန်ကလပ် ဖရန့်ဖတ်အသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိပြီး အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းက ပထမပိုင်းနာကျင်အချိန်ပိုတွင် အယ်ဗာရက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် တစ်ဂိုးသွင်းယူပေးခဲ့သည်။

တိုက်စစ်မှူးဂရစ်ဇ်မန်းအနေဖြင့် အသင်းအတွက် သွင်းဂိုး ၂၀၀ ပြည့်မြောက်သည့် ကစားသမားဖြစ်လာခဲ့ကာ ၎င်း၏ အသက် ၃၄ နှစ်အရွယ်တွင်မှ ယခုကဲ့သို့ မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆီမြွန်နီက "ဒီသွင်းဂိုးစံချိန်တွေအတွက် ဂရစ်ဇ်မန်းကို ချီးကျူးဖို့လိုအပ်ပါတယ်။ သူ့ရဲ့ အကောင်းဆုံးအရည်အသွေးကို ချပြနိုင်ဖို့ ခွန်အားတွေပေးခဲ့ပါတယ်။ သူလည်း တိုက်တွန်းတဲ့အတိုင်း လုပ်ဆောင်ခဲ့တာကြောင့် အခုလို အသက်အရွယ်မှာ အကောင်းဆုံးလုပ်ပြနိုင်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref; Fotmob*

## အာဆင်နယ်အသင်းက အဓိကတိုက်စစ်မှူးဆာကာကို မြင့်မားသည့်လစာဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်



လန်ဒန် အောက်တိုဘာ ၂

အာဆင်နယ်အသင်းသည် အဓိကတိုက်စစ်မှူးဆာကာကို မြင့်မားသည့်လစာဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်စီစဉ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်းနှင့် တိုက်စစ်မှူးဆာကာတို့၏ လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ်အထိဖြစ်ကာ ၎င်းကို အသင်းတွင် ဆက်လက်ရှိစေမည့် နှစ်ရှည်စာချုပ်ကို မြင့်မားသည့် လစာဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

လက်ရှိတွင် ဆာကာသည် တစ်ပတ်လျှင် ပေါင် ၁၉၅၀၀၀ သာရရှိနေသူဖြစ်ပြီး အာဆင်နယ်အသင်း၏ လစာအများဆုံးကစားသမားမှာ တစ်ပတ်လျှင် ပေါင် ၂၈၀၀၀၀ ရရှိနေသည့် ကိုင်းဟာဗက်ဇ်ဖြစ်ကာ တစ်ပတ်လျှင် ပေါင် ၂၅၀၀၀၀ ရရှိသည့် ခံစစ်ကစားသမား ဆလီဘာသည်လည်း လစာအများဆုံးရရှိသည့် ကစားသမားများတွင် ပါဝင်ကြောင်း သိရသည်။

ထို့ကြောင့် ဆာကာသည် အာဆင်နယ်အသင်းတွင် လစာအများဆုံးရရှိသည့် ကစားသမားစာရင်းတွင် ပါဝင်လာမည်ဖြစ်ကာ လာမည့်ရက်သတ္တပတ်အတွင်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖွယ်ရှိသည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက အဓိကခံစစ်ကစားသမား ဆာလီဘာကို ၂၀၃၀ ပြည့်နှစ်အထိရှိစေမည့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးနောက် ယခုအခါ ဆာကာကိုလည်း စာချုပ်ချုပ်ဆိုရန် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူးဆာကာသည် အာဆင်နယ်အသင်း အကယ်ဒမီကစားသမားဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက အသင်းကြီးအတွက် စတင်ပါဝင်ကစားခွင့်ရရှိလာခဲ့ကာ ဘောလုံးရာသီ ရှစ်ရာသီတွင် ပွဲပေါင်း ၂၆၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၇၁ ဂိုး သွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၆၄ ကြိမ်ပြုလုပ်ထားနိုင်ခဲ့သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလတွင် ဂျိုကာရက်စ်၊ ဇူဘီမန်ဒီ၊ မာဒူအီကီ စသည့် ကစားသမားများကို ခေါ်ယူဖြည့်တင်းထားသော်လည်း အားကစားဒါရိုက်တာဖြစ်သူ အန်ဒရေဘာတာက အသင်း၏ လက်ရှိကစားသမားများကို နှစ်ရှည်ဆက်လက်ထိန်းထားနိုင်စေခြင်းသည် အာဆင်နယ်အသင်း၏ အဓိက ဦးစားပေးဖြစ်ကြောင်း ပြောကြားထားသည်။

အာဆင်နယ်အသင်းအနေဖြင့် ပြီးခဲ့သည့်ကာလကလည်း ဂါဘရီရယ်၊ နွမ်နယ်ရီ၊ လူးဝစ်စကယ်တီတို့ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

**Ref; Fabrizio Romano**

## ပရီးမီးယားလိဂ်ပွဲစဉ်(၆)၏ အကောင်းဆုံးကစားသမားအဖြစ် မန်စီးတီးအသင်း တိုက်စစ်မှူးဟာလန်း ရွေးချယ်ခံရ

မန်ချက်စတာ အောက်တိုဘာ ၂

မန်စီးတီးအသင်း တိုက်စစ်မှူးဟာလန်းသည် ပြီးခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်(၆)၏ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံရကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၆)အဖြစ် မန်စီးတီးအသင်းက ဘန်လေအသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် တိုက်စစ်မှူးဟာလန်းသည် အသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပေးနိုင်ပြီး အကောင်းဆုံးစွမ်းဆောင်ထားနိုင်ခြင်းကြောင့် အကောင်းဆုံးကစားသမားအဖြစ် ပရိသတ်များ၏ဆန္ဒမဲဖြင့် ရွေးချယ်ခံရခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်အနေဖြင့် ပွဲစဉ်အလိုက် ဆန်ခါတင်ကစားသမားစာရင်းကို ထုတ်ပြန်ပေးခဲ့ပြီး ပရိသတ်များက အွန်လိုင်းမှတစ်ဆင့် ဆန္ဒပေးခဲ့ခြင်းဖြစ်ကာ တိုက်စစ်မှူးဟာလန်းက ဆန္ဒမဲအများဆုံးဖြစ်ခဲ့သည်။

အသက် ၂၅ နှစ်အရွယ် တိုက်စစ်မှူးဟာလန်းသည် ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲစုံ ၁၂ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၁၂ ဂိုး၊ ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားနိုင်သကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးရှစ်ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေသည်။

ယခုဘောလုံးရာသီတွင် ပွဲစဉ်(၆)၏အကောင်းဆုံးကစားသမားအဖြစ် ဟာလန်းမတိုင်မီ ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားများမှာ ပွဲစဉ်(၁)တွင် စပါးအသင်းကစားသမား ရစ်ချာလီဆန်၊ ပွဲစဉ်(၂)တွင် စပါးအသင်းကစားသမား ပယ်လင်ညာ၊ ပွဲစဉ်(၃)တွင် လီဗာပူးအသင်းကစားသမား ဆိုဘိုဆလိုင်း၊ ပွဲစဉ် (၄)တွင် စပါးအသင်းကစားသမား လူးကပ်နှင့် ပွဲစဉ်(၅)တွင် လီဗာပူးအသင်းကစားသမား ဂရာဗန်ဘော့ချ်တို့ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

**Ref; Goal.com**




**ပျောက်ဆုံးကြောင်း**

အောင်ထွေး(ဘ)ဦးဖိုးကွက် ၉/ကပတ(နိုင်)၂၇၇၃၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၀၇၇၇

**ပျောက်ဆုံးကြောင်း**

ကျော်ကျော်လှိုင်(ဘ)ဦးကြံအောင် ၁၂/သလန(နိုင်)၀၈၈၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၀၃၄၁၂၃

**ပျောက်ဆုံးကြောင်း**

သင်းသင်းမာ(ဘ)ဦးအေးဝင်း ၇/ဝမန(နိုင်)၁၅၇၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 819146)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၄၄၁၀၈၉၁

**ပျောက်ဆုံးကြောင်း**

ခင်မောင်အေး(ဘ)ဦးခင်မောင်လေး ၁၂/ဒဂတ(နိုင်)၀၄၆၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၃၈၄၂၄၈

**ပျောက်ဆုံးကြောင်း**

ခင်ခင်မူ(ဘ)ဦးကျားဘို ၁၁/သတန(နိုင်)၀၂၄၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၇၁၆၉၇၉၇

**ပျောက်ဆုံးကြောင်း**

ကြည်ကြည်နိုင်(ဘ)ဦးလွင်မောင် ၉/တသန(နိုင်)၂၆၂၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၁၀၈၀၈၁

**ပျောက်ဆုံးကြောင်း**

မျိုးသူ(ဘ)ဦးကြည်လှိုင် ၁၂/မရက(နိုင်)၀၂၁၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၀၀၇၄၂၁

**ပျောက်ဆုံးကြောင်း**

တင်နိုင်စိုး(ဘ)ဦးစိုးညွန့် ၁၂/တကန(နိုင်)၁၀၂၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၁၅၂၀၅

**ပျောက်ဆုံးကြောင်း**

နိုင်မိုး(ဘ)ဦးထီသောင် ၁၂/ဒပယ(နိုင်)၁၁၀၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၆၂၄၄၉၁

**ပျောက်ဆုံးကြောင်း**

လှိုင်ဇာခြည်(ဘ)ဦးယုလွင် ၇/တငန(နိုင်)၁၂၃၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၁၁၂၇၀၁

**ပျောက်ဆုံးကြောင်း**

မင်းမင်းဦး(ဘ)ဦးဆန်ခူးမာ ၅/ကလထ(နိုင်)၁၆၁၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၁၀၀၀၅၅၀

**ပျောက်ဆုံးကြောင်း**

မြင့်မြင့်စန်း(ဘ)ဦးတင်လတ် ၁၂/မဂတ(နိုင်)၀၁၁၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၀၅၃၅၇၀

**ပျောက်ဆုံးကြောင်း**

ကေကေခိုင်မင်း(ဘ)ဦးလှမျိုးမင်း ၁၂/တမန(နိုင်)၁၀၄၀၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၀၅၃၅၇၀

**ပျောက်ဆုံးကြောင်း**

ရွှေဝင်း(ဘ)ဦးရှုံးအိန် ၁၃/လရန(နိုင်)၁၃၁၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၄၆၂၆၂၃

**ပျောက်ဆုံးကြောင်း**

ဒေါ်နီနီဝင်း(ဘ)ဦးဟာဘီအူလ္လာ ၁၃/တကန(နိုင်)၄၁၉၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

နန်းအိအိခိုင်(ဘ)ဦးလှမျိုးခိုင် ၁၂/မဘန(နိုင်)၁၃၇၀၆၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MD 826569)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၆၆၆၇၆၂

**ပျောက်ဆုံးကြောင်း**

Cherry Thin Manufacturing Co.,Ltd. ၏ MIC ခွင့်ပြုမိန့်နှင့် Decision များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-ဦးအေးနိုင်(ခ)အီကျန်း
ဖုန်း-၀၉-၉၇၉၂၀၈၄၉၃

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အ.မ.က(၂၅)မှ လက်ထောက်မူလတန်းပြ ဒေါ်ခိုင်သဇင်၏ဖခင် ဦးစောနေဝင်း(ခ)ဦးနေဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစောနေဝင်း(ခ)ဦးနေဝင်း

**ပျောက်ဆုံးကြောင်း**

ရီဆွေသက်(ဘ)ဦးသက်နိုင် ၉/မခန(နိုင်)၂၇၇၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နေ ကျော်မိုးဦး(ဘ)ဦးမင်းကျော်ထွေး ၉/မကန(နိုင်)၁၄၇၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်္ဂလာလမ်းနေ အဘ ဦးထွန်းနိုင်၊ အမိ ဒေါ်တင်မိုးသူတို့၏သားဖြစ်သူ မောင်မျိုးခန့်ကျော် ၁၄/ပသန(နိုင်)၃၀၈၀၂၂ သည် မိခင်၏ပြောဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိခင်အားစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၂-၁၀-၂၀၂၅ ရက်နေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်မိုးသူ
၁၄/ငပတ(နိုင်)၀၂၄၉၇၈

**ပျောက်ဆုံးကြောင်း**

မော်လမြိုင်မြို့နေ မမြစန္ဒာ(ဘ)ဦးစံမြင့် ၁၀/မလမ(နိုင်)၂၃၂၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**

မော်လမြိုင်မြို့နေ ဖြူဇင်ထင်(ဘ)ဦးထိန်ဝင်း ၃/ဘအန(နိုင်)၂၁၆၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၀၀၉၆၁၁

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့ အ.ထ.က(၁) Grade-12 တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးနိုင်နှင့် Grade-10 တွင် ပညာသင်ကြားနေသော မောင်အေးချမ်းအောင်တို့၏ဖခင်အမည်မှန်မှာ ၈/ရစက(နိုင်)၁၀၃၁၅၉ အရ ဦးမြင့်ဌေးဖြစ်ပါကြောင်း။

ဦးမြင့်ဌေး

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ မနှင်းစုလှိုင်(ဘ)ဦးကြည်လွင် ၉/ဥတသ(နိုင်)၀၀၉၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၂၂၁၇၃

**မိခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-8 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၀၂၀ မအေးမြတ်သူ၏မိခင် ဒေါ်အေးအေးအောင်၏အမည်မှန်မှာ ဒေါ်အေးမေ ၈/တတက(နိုင်)၁၃၄၇၆၆ ဖြစ်ပါကြောင်း။ ဒေါ်အေးမေ

**မိခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-7 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၂၄၄ မရွှန်းအိကို၏မိခင် ဒေါ်ညိုညိုမြိုင်၏အမည်မှန်မှာ ဒေါ်စန္ဒာဝင်း ၈/တတက(နိုင်)၁၃၅၃၄၈ ဖြစ်ပါကြောင်း။ ဒေါ်စန္ဒာဝင်း

**မိခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-4 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၁၁၀ မောင်ကောင်းပြည့်လျှံ၏မိခင် ဒေါ်တင်ဆွေ၏အမည်မှန်မှာ ဒေါ်ဌေး ၈/တတက(နိုင်)၁၃၄၇၆၄ ဖြစ်ပါကြောင်း။ ဒေါ်ဌေး

**မိခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-7 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၀၄၉ မောင်သူရဦး၏မိခင် ဒေါ်မတင်၏အမည်မှန်မှာ ဒေါ်တင်စိန် ၈/တတက(နိုင်)၁၃၄၈၀၈ ဖြစ်ပါကြောင်း။ ဒေါ်တင်စိန်

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-2 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၁၈၆ မောင်အောင်ဖြိုးသူ၏ဖခင် ဦးထွန်းဝင်းအောင်၏အမည်မှန်မှာ ဦးထွန်းရွှေ ၈/တတက(နိုင်)၁၄၆၁၉၆ ဖြစ်ပါကြောင်း။ ဦးထွန်းရွှေ

**မိခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-4 သင်ဆဲမှ မောင်မြတ်မင်းသူ၏မိခင် ဒေါ်အေးစုအောင်၏အမည်မှန်မှာ ဒေါ်အေးစုလှိုင် ၈/တတက(နိုင်)၁၆၉၇၅၈ ဖြစ်ပါကြောင်း။ ဒေါ်အေးစုလှိုင်

**မိခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-4 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၁၁၄ မောင်သူရစိုး၏မိခင် ဒေါ်မြတ်စုမွန်၏အမည်မှန်မှာ ဒေါ်မြတ်ဆုမွန် ၈/တတက(နိုင်)၁၆၉၇၅၀ ဖြစ်ပါကြောင်း။ ဒေါ်မြတ်ဆုမွန်

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန်အ.လ.က Grade-6 သင်ဆဲမှ ကျောင်းဝင်အမှတ် ၀၀၈၀ မကြေယ်ဇင်မေ၏ဖခင် ဦးမျိုးဇော်အောင်၏အမည်မှန်မှာ ဦးဇော်မျိုးအောင် ၈/တတက(နိုင်)၁၄၉၅၁၅ ဖြစ်ပါကြောင်း။ ဦးဇော်မျိုးအောင်

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)ပုဒ်မ ၅၈(ခ)အရ အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီသို့ ပြောင်းလဲမည်ဖြစ်ကြောင်းကြေညာခြင်း**

ကျွန်တော်များ M G G E PUBLIC COMPANY LIMITED(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)၏ ၉-၉-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးမှ ကုမ္ပဏီအား(အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ)မှ(အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ)သို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အမည်ကိုလည်း M G G E PUBLIC COMPANY LIMITED သို့ ပြောင်းလဲပြင်ဆင်ရန်နှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇)အရ သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံကိုပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

အဆိုပါအထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း သတ်မှတ်ပုံစံကိုလည်း မှတ်ပုံတင်အရာရှိထံသို့တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီသို့ပြောင်းလဲရန်အတွက် ကန့်ကွက်လိုသူရှိပါက အောက်ဖော်ပြပါကုမ္ပဏီ၏ ရုံးခန်းလိပ်စာသို့ဆက်သွယ်ပြီး ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

M G G E PUBLIC COMPANY LIMITED
အမှတ်-၄၂(အေ)၊ ပါရမီလမ်း၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၄၃၁၁၈၉၄၇၊ ၀၁-၆၅၄၀၂၄
email:2012mgge@gmail.com

**ပျောက်ဆုံးကြောင်း**

မုံရွာမြို့၊ နတ်လူထိပ်ပန်ရပ်ကွက်နေ ကိုသိန်းဇော်ဦး(ဘ)ဦးဇော်ဝိတ် ၅/မရန(နိုင်)၂၂၃၇၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 332163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၅၀၁၂၇၉

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ Edu Park ကိုယ်ပိုင်အထက်တန်းကျောင်းနေ Grade-9 မှ မအေးသန္တာဆောင်း၏မိခင် ဒေါ်စိမ်းစိမ်းမိုးနှင့် ဒေါ်စိမ့်စိမ့်မိုး ၆/ထဝန(နိုင်)၁၀၂၆၂၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်စိမ်းစိမ်းမိုး(ခ)ဒေါ်စိမ့်စိမ့်မိုး

**အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အ.မ.က(မူလွန်)သပြေချောင်းနေ Grade-7 မှ အဘ ဦးဖြိုးဇော် ၆/ပလန(နိုင်)၁၀၈၆၂၃ ၏သမီးဖြစ်သူ အမည်မှန်မှာ မသံစဉ်နှင်းဖြစ်ပါကြောင်း။

မသံစဉ်နှင်း

**စာပေမြင့်မှ လူမျိုးတင့်မည်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ အ.မ.က(မူလွန်)သပြေချောင်းနေ၊ Grade-7 မှ မသံစဉ်နှင်းနှင့် Grade-3 မှ မောင်အောင်ပြည့်ဖြိုးတို့၏မိခင် ဒေါ်စိမ်းစိမ်းမိုးနှင့် ဒေါ်စိမ့်စိမ့်မိုး ၆/ထဝန(နိုင်)၁၀၂၆၂၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်စိမ်းစိမ်းမိုး(ခ)ဒေါ်စိမ့်စိမ့်မိုး

**ပျောက်ဆုံးကြောင်း**

ကဝမြို့နေ မျိုးမင်းဦး(ဘ)ဦးအုန်းရွှေ ၇/ကဝန(နိုင်)၁၆၃၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 374844)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက-အောင်းကြီးမှ အထက်တန်းပြဆရာမ အဘ ဦးမြင့်ဦး၏သမီးဖြစ်သူအမည်မှန်မှာ ဒေါ်မေဦးမိုး ၇/ညလပ(နိုင်)၁၆၄၇၂၀ ဖြစ်ပါကြောင်း။

ဒေါ်မေဦးမိုး

**မအိဝေဖြိုး**

**အသက်(၃၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၁၀)နေ ဦးသိန်းဝင်း(ဥက္ကဋ္ဌ) မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)၊ တိုင်းရင်းဆေးကောင်စီဝင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း)-ဒေါ်စန်းစန်းနု(အဝေရာဆေးတိုက်)တို့၏သမီးထွေး၊ ဦးသိန်းတန်-ဒေါ်စုဝေဖြိုး၊ ဒေါက်တာသက်ဝေဖြိုး၊ ဒေါက်တာနှင်းဝေဖြိုးတို့၏ညီမငယ်၊ မောင်ဇေဘုန်းနိုင်၏အန်တီလေး၊ "အမရာအိ"အဝတ်အထည်နှင့်စတိုးဆိုင်ပိုင်ရှင် မအိဝေဖြိုး(B.Sc, M.Sc, M.Res(Microbiology)) အသက်(၃၆)နှစ်သည် ၁-၁၀-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၃-၁၀-၂၀၂၅ ရက်(သောကြာနေ့)မွန်းလွဲ ၂:၀၀ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၆:၀၀ နာရီမှ ၉:၀၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပျောက်ဆုံးကြောင်း**

လှိုင်သာယာ(အနောက်မြို့)၊ အမှတ်(၁၉)ရပ်ကွက်၊ ပေါင်းကူးလမ်းနေ ဟန်ဝင်းလှိုင်(ဘ)ဦးစောမောင် ၁၄/မမက(နိုင်)၁၀၃၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၁၈၃၈၉

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ အောက်စီတီးအရှေ့နေ အောင်ထက်(ဘ)ဦးခင်အောင် ၇/ပခန(နိုင်)၂၇၆၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 272941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဇီယာရှယ်လမ်း၊ အိမ်နံပါတ်(၅/၁၃၅၈)နေ အဘ ဦးအောင်မြင့်မြတ်၏သားဖြစ်သူ မောင်ချိုင်ရဖေါင်(ခ)မောင်ကောင်းထက်ကျော် ၃/မဝတ(နိုင်)၁၂၃၃၈ ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ မောင်ချိုင်ရဖေါင်(ခ)မောင်ကောင်းထက်ကျော်

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ခနဲ့ချောင်းကျေးရွာနေ မောင်ပြည့်ဖြိုးကျော်(ဘ)ဦးအေးကျော် ၁၄/မမန(နိုင်)၃၇၈၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

# ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်ရရှိသူများ၊ MCCT နှင့် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများသို့ ထောက်ပံ့ငွေများပေးအပ်

လွိုင်ကော် အောက်တိုဘာ ၂

ကယားပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်းရှိစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်ရရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များ(MCCT)၊ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများသို့ ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများမှ




တာဝန်ရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ နှင့် ထိခိုက်လွယ်အုပ်စုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးငယ်များ (MCCT)၊ ဗဟိုတပ်ဦး(ပညာဝေဖြာ) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် မသန်စွမ်းသူများနှင့် ပြည်နယ်ဘိုးဘွားရိပ်သာတို့သို့ ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများနှင့် မဟာပုညကာရီ (လင်းရောင်ခြည်)အမျိုးသမီးဂေဟာ၊ လူမှုရေးရာဝန်ကြီးက အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများလူမှုရေးပင်စင်နှင့် မဟာဓမ္မဝိဟာရီ (တက်သစ်စ) အမျိုးသမီးဂေဟာတို့ကို ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးပင်စင်ရရှိကြသည့် ဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်းသိရသည်။

**ခင်စောတင့်**

---

**၂-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)**

**ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

# ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

စစ်တွေ အောက်တိုဘာ ၂

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ်ကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲပေးစက်များကို လွှတ်တော် (၃) ရပ် မဲဆန္ဒနယ်များအပြင် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက်ပါ သတ်မှတ်အရေအတွက်အတိုင်း လက်ခံရရှိပြီး စနစ်တကျထိန်းသိမ်းထားရှိလျက်ရှိကြောင်း၊ ပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းနိုင်စေရန် ၂၀၂၅ ခုနှစ်ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတသောဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အားလုံးပူးပေါင်းပါဝင်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရွေးကောက်ပွဲ အရာရှိတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ရခိုင်ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအတွင်းရေးမှူးက ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် လုံခြုံရေးဆောင်ရွက်မည့် အစီအမံများနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

---

# ကျိုင်းတုံအကျဉ်းထောင်၊ ရှမ်းရိုးမဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်မှအောက်တိုဘာလ ၂ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရှမ်းရိုးမဘိုးဘွားရိပ်သာ၊ တောင်ကြီးမြို့မရဲစခန်းအချုပ်ခန်း၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံအကျဉ်းထောင်၊ ကျိုင်းတုံမြို့မရဲစခန်း အချုပ်ခန်းနှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ကျိုင်းတုံ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကျိုင်းတုံအကျဉ်းထောင်အား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများနှင့် အိပ်ဆောင်များ၌ တွေ့ဆုံပြီး အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတစ်ဦး၏ အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေးများရရှိခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာတိုင်းရင်းသားဘာသာစကားများဖြစ်သည့် ရှမ်း၊ လားဟူ၊ အာခါဘာသာစကားများဖြင့်လည်း တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။

ထို့ပြင် အကျဉ်းသား၊အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများနှင့် အကျဉ်းသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ အခြေအနေများကိုမေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာတောင်းခံသူ အကျဉ်းသားတစ်ဦးကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရှမ်းရိုးမဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး အခြေခံလူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ၊ မရှိနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုကို အခြေခံ၍ စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုး၊အဘွားများအား အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း (ကျိုင်းတုံ) တွင်အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်သင်ကြားဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် တောင်ကြီးမြို့မရဲစခန်းအချုပ်ခန်းနှင့် ကျိုင်းတုံမြို့မရဲစခန်း အချုပ်ခန်းတို့အား ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးစဉ်အတွင်းစစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို ဆောင်ရွက်ပေးနိုင်ရေးအတွက်သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။ **မြဝတီ**

---

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာမှု မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မော်လမြိုင် အောက်တိုဘာ ၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ပေးကြရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများအနေသင့်အယှက်ကင်းစွာ၊ စိတ်အေးချမ်းသာစွာ ကြည့်ရှုနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန်၊ မဲစာရင်းဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ပြီးပါက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် နောက်ဆုံးအကြိမ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများက လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများဆောင်ရွက်နိုင်ရန် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး လူတစ်ဦး မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရေး နှိုးဆော်ပေးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်ဒေသရှိ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ရှိဘုန်းတော်ကြီးကျောင်းများသို့သွားရောက်ကာ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization- DMO) များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့သည်။


တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့သည် ရာသီဥတုကောင်းမွန်၍ တောင်ကုန်း၊ တောင်တန်းများ၊ လယ်ယာစိုက်ခင်းများနှင့် သာယာလှပသည့်ရှုခင်းများကို ပိုင်ဆိုင်သည့် တောင်ပေါ်ဒေသဖြစ်သောကြောင့် ခရီးသွားများက လာရောက်အပန်းဖြေလည်ပတ်ရန် ကောင်းမွန်သည့်နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ၊ ဒေသခံများက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ဆောင်ရွက်ပေးပြီး မိုင်းပန်မြို့ရှိ ဒေသခံလူငယ်များအတွက် အားကစားပစ္စည်း အသုံးအဆောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မိုင်းပန်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသနေသော ဆေးရုံတက်လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ လူနာတစ်ဦးချင်းအတွက် ထောက်ပံ့ငွေနှင့် အာဟာရအစားအစာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၃၀ ရက်**တွင် မုံရွာမြို့၊ ရုံးကြီးရပ်၊ သလ္လာဝတီဆိပ်ကမ်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီဂါလန်(၆၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၃၀ ရက်**တွင် ပဲခူးခရိုင်၊ ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင်မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၈ ရက်**တွင် မင်းဘူးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့အတွင်း၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း(၃)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၆၀၀၀)ကို လောင်းကစားဥပဒေအရ လည်းကောင်း၊ ချောက်မြို့နယ်၊ ရေနံချောင်းမြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၂၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၆၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁ ရက်**တွင် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်ရှိဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁၁)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၄၅၆၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင်ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၃ ရက်မှ ၈ ရက်**အထိ ကျောက်တန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၇)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၆ ရက်နှင့် ၂၉ ရက်**တို့တွင် မအူပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)** ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**စက်တင်ဘာလ ၃ ရက်မှ အောက်တိုဘာလ ၁ ရက်**အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၀၇၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန် အ.လ.က Grade-5 ကျောင်းဝင်အမှတ် ၀၀၉၈ မမိုးယုစံ၊ Grade-2 ကျောင်းဝင်အမှတ် ၀၁၉၉ မအိသဲပိုတို့၏ဖခင် ဦးဟန်ရွှေမြင့်၏အမည်မှန်မှာ ဦးဟံရွှေမြင့် ၈/မသန(နိုင်)၀၆၉၁၀၅ ဖြစ်ပါကြောင်း။ ဦးဟံရွှေမြင့်

**မိခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန် အ.လ.က Grade-4 ကျောင်းဝင်အမှတ် ၀၁၁၂ မောင်ဖြိုးသီဟကျော်၊ Grade-7 ကျောင်းဝင်အမှတ် ၀၀၆၃ မအိသွယ်စိုးတို့၏မိခင် ဒေါ်သဲဆုလှိုင်၏အမည်မှန်မှာ ဒေါ်သဲစုလှိုင် ၈/တတက(နိုင်) ၁၄၇၂၀၉ ဖြစ်ပါကြောင်း။ ဒေါ်သဲစုလှိုင်

**မိခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၄) မိုးထိကျောင်းမှ မစုရတနာထွန်း Grade-11 သင်ဆဲ ကျောင်းဝင်အမှတ် ၇၂၁၂ ၏မိခင် မိခင် ဒေါ်အေးအေးသူ၏အမည်မှန်မှာ ဒေါ်အိမွန်စန်း ၈/တတက(နိုင်)၁၄၂၇၀၇ ဖြစ်ပါကြောင်း။ ဒေါ်အိမွန်စန်း

**မိဘအမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၄) မိုးထိကျောင်းGrade-12 သင်ဆဲမှ မခင်မြတ်နိုး၏ဖခင် ဦးမောင်ရွှေ၏အမည်မှန်မှာ ဦးမောင်ဆွေ ၈/တတက(နိုင်)၀၉၃၅၉၁- ဒေါ်စိန်ငွေ၏အမည်မှန်မှာ ဒေါ်စိန်အေး ၈/တတက(နိုင်)၀၈၁၅၅၃ ဖြစ်ပါကြောင်း။ ဦးမောင်ဆွေ-ဒေါ်စိန်အေး

**မိခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ အ.ထ.က(၄) မိုးထိကျောင်း Grade-12 သင်ဆဲ ကျောင်းဝင်အမှတ် ၇၇၅၂ မောင်မျိုးသူရထွန်း၏မိခင် ဒေါ်အေးနွယ်၏အမည်မှန်မှာ ဒေါ်အေးအေးနွယ် ၈/မသန(နိုင်)၀၇၄၀၃၆ ဖြစ်ပါကြောင်း။ ဒေါ်အေးအေးနွယ်

**မိခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျခတ်ကန် အ.လ.က Grade-6 သင်ဆဲမှ မသီရိရတနာခိုင်၏ဖခင် ဦးကျော်ထူး၏အမည်မှန်မှာ ဦးမြင့်ကျော် ၈/တတက(နိုင်)၁၃၀၀၆၀- အမိ ဒေါ်အေးအေးချို၏အမည်မှန်မှာ ဒေါ်အေးချို ၈/တတက(နိုင်)၂၈၉၀၀၅ ဖြစ်ပါကြောင်း။ ဦးမြင့်ကျော်-ဒေါ်အေးချို


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျှက်ရှိပါသည်။


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
SIN MINN
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO
Lemon Tea
PYIN OO LWIN
NAN MYAING
2+1 coffee
KHA YAE PIN MART
SUGARMEC

❖ စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံပါ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်က ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက အားပေးထောက်ခံကြိုဆို၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် ကျောက်မဲမြို့အား အောက်တိုဘာလ ၁ ရက်တွင် တပ်မတော်ကပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာအားပေးထောက်ခံမှုနှင့်အတူ တပ်မတော်စစ်ကြောင်းများအား ကြိုဆိုအားပေးခဲ့ကြသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ●




အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ရောက်ရှိလာသော ဌာနဆိုင်ရာအဖွဲ့အစည်းများကို ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

## အားကောင်းသောမုန်တိုင်းငယ် နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ည ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် (Deep Depression) သည် မြောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းခြေကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဩရိဿပြည်နယ် တောင်ပိုင်းကို ဖြတ်ကျော်နိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)




## ရွှေဘိုမြို့၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ အသိတရားကင်းမဲ့စွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်နေသည့် သာမဏေကိုရင်(၃)ပါး ပျံလွန်တော်မူ၍ သာမဏေကိုရင်(၈)ပါး ထိခိုက်ဒဏ်ရာများရရှိ

စာ - ၂၆ သို့

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ“ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည့်အစီအစဉ်” အသိပေးကြေညာချက်

စာ - ၁၄ သို့